မြဝတီ
နေ့စဉ်


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊
မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက်
သီလတည်းဟူသောအနံ့သည် အတုမရှိ
ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၄)၊ အမှတ်(၂၁၅)
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန်ပြသထားသည့်ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်)

# မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများ

ကျောင်းသား၊ ကျောင်းသူများသည် အနာဂတ်တွင် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို မလွဲမသွေ ထမ်းဆောင်ရမည့်သူများဖြစ်သည်။ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည့်သူများလည်း ဖြစ်သည်။ အဆိုပါလူငယ်များတွင် မိမိနိုင်ငံ၊ မိမိလူမျိုးကိုချစ်မြတ်နိုးစိတ်၊ နိုင်ငံနှင့်လူမျိုးကိုထိလျှင် မချိအောင်နာတတ်သည့်စိတ်များရှိနေရမည်ဖြစ်သည်။ ထိုသို့ရှိနေစေရန်အတွက်လည်း ပြုစုပျိုးထောင် ပေးကြရမည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးဟုဆိုရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မြန်မာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအပေါင်းကို ဆိုလိုခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရ အနေဖြင့် ဘက်စုံပညာရေးစနစ်ကိုကျင့်သုံးလျက်ရှိပြီး တစ်နိုင်ငံလုံး အသိပညာ အတတ်ပညာမြင့်မား တိုးတက်စေရေးကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင် ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် ပြုစုပျိုးထောင်လျက်ရှိသည်။ ထိုသို့ပြုစုပျိုးထောင်ပေး ခြင်းအားဖြင့် လူငယ်တိုင်း ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့်ဘောဂဗလတို့ ပြည့်ဝ နေမည်ဖြစ်သည်။ မိမိတို့လူငယ်တစ်ဦးချင်း၏ ဘဝရှေ့ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏အနာဂတ် ရှေ့ရေးအတွက်လည်းကောင်း တိုးတက်သည်ထက်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်၍ လူငယ်တိုင်း အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူတိုင်းက လိုက်ပါလုပ်ဆောင်ကြရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူတို့၏ပညာသင်စဉ်ကာလတွင် အရေးကြီးဆုံးထားရှိရမည့်စိတ်ဓာတ်မှာ နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်ဖြစ်သည်။ မျိုးချစ်စိတ်ရှိသည့်နိုင်ငံသားများ များပြားစွာရှိနေမှ နိုင်ငံ၏အနာဂတ်လှပနေ ပေမည်။

“တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများ ကျင်းပ” ဆိုသည့်သတင်းများကို နိုဝင်ဘာလ ၁၄ ရက်နေ့ည ရုပ်မြင်သံကြားသတင်းများတွင်မြင်တွေ့ လိုက်ရသည်။ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးတို့ရှိ နယ်မြေခံသင်တန်းကျောင်းများ၌ နိုဝင်ဘာလ ၁၄ ရက် နံနက်ပိုင်းက သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များထမ်းဆောင် သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ပိုမိုရှင်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန်ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်အသီးသီးမှကိုယ်တိုင်ဆန္ဒပြု သည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တက္ကသိုလ် လေ့ကျင့်ရေးတပ်များမှ ပထမနှစ်အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ်အခြေခံစစ်ပညာသင်တန်းနှင့် ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်၍ လေ့ကျင့် သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းများသို့ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၆၈ ဦးတို့တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ခုနစ်ပတ်ဖြစ်သည်။ သင်တန်းကာလ အတွင်း ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ် ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေး ဆိုင်ရာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ ကျန်းမာရေးနှင့်ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်းလက်တွေ့ပစ်ခတ်ခြင်းသင်ခန်းစာများအား လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေ ဗဟုသုတရရှိစေရေးအတွက် ပြင်ပလေ့လာရေးခရီးစဉ်များကိုလည်း နည်းပြများကိုယ်တိုင်ဦးဆောင်၍ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ တပ်မတော်သားများတွင် အဓိကတာဝန်ရှိသော်လည်း ယနေ့အချိန်ကာလတွင် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်များအရ နိုင်ငံသားအားလုံးပူးပေါင်းဆောင်ရွက်ရမည့် အနေအထားဖြစ်သည်။ နိုင်ငံတိုင်းတွင် မောင်းနှင်အားသုံးရပ်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးတို့ ခိုင်မာတောင့်တင်းနေရမည်ဖြစ်သည်။ နိုင်ငံအတွက်ခံ့ညားလောက်သည့် ကာကွယ် ရေးအင်အား စဉ်ဆက်မပြတ်ရှိနေရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံနှစ်ခုအကြားတွင် တည်ရှိနေပြီး လူဦးရေပေါက်ကွဲမှုနှုန်းများပြားသည့်နိုင်ငံနှင့်လည်း ဆက်စပ်နေသည့်အတွက် ထာဝစဉ် ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်ကာကွယ်ရေးအင်အားရှိနေရမည်ဖြစ်သည်။

နိုင်ငံသားတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်ရေးကိုလုပ်ဆောင်လျက်ရှိသကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်သည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတိုင်းကလည်း နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာ များတတ်မြောက်ထားသင့်သည်။ လူငယ်ဆိုသည်မှာ ခွဲ၊ လုံ့လ၊ ဝီရိယနှင့်ကြိုးစားမှုရှိနေကြရမည်ဖြစ်သည်။ အရေးကြုံလျှင် သက်လုံကောင်းရမည်ဆိုစကားအတိုင်း နိုင်ငံတော်အပေါ်ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပရန်ဟူသမျှကို အချိန်နှင့်တစ်ပြေးညီ ကာကွယ်တိုက်ဖျက်နိုင်ရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အခြေခံစစ်ပညာ သင်တန်းများ၊ တန်းမြင့်စစ်ပညာသင်တန်းများတက်ရောက်ခဲ့ခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူ များ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြု သူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသား ဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂ တစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူ ဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဖင်(FM)အသံလွှင့်အစီအစဉ်

၁၉-၁၁-၂၀၂၄(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည် | ၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လုပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေစင်ရွှေပြားသက်န်းတော်များ စတင်ကပ်လှူပူဇော်ခြင်းနှင့် ရွှေပြားသက်န်းတော်များလှည့်လည်ပူဇော်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေစင်ရွှေပြားသက်န်းတော်များ စတင်ကပ်လှူပူဇော်ခြင်းနှင့် ရွှေပြားသက်န်းတော်များ လှည့်လည်ပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၈ ရက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ စေတီတော်ရင်ပြင်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဘဏ္ဍာထိန်းဂေါပကအဖွဲ့တို့က ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်ပထမပိုင်းကို ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စမ်းချောင်းမြို့နယ် နေနတ်သားပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တသုစိတ္တထံမှ ညှော့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက်ဒုတိယဝန်ကြီး ဦးအေးထွန်းက ရွှေစင်ရွှေပြားသက်န်းတော်များ စတင်ကပ်လှူပူဇော်ခြင်းနှင့်ပတ်သက်၍ အနုမောဒနာစာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များနှင့်အလှူရှင်များက ရွှေစင်ရွှေပြားသက်န်းတော်များ ပင့်ဆောင်၍ ရွှေတိဂုံစေတီတော်ကို လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ပြီး ရထားပျံဖြင့် တင်လှူပူဇော်မည့် ရင်ပြင်တော်စနေထောင့်ရခိုင်ကုန်သည်ကြီးများတန်ဆောင်းသို့ ရောက်ရှိနေရာယူကြသည်။

ထို့နောက် ရွှေစင်ရွှေပြားသက်န်းတော်များအား ရထားပျံဖြင့် တင်လှူပူဇော်ခြင်း အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရထားပျံကို စက်ခလုတ်နှိပ်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားသက်န်းတော်များ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**သိန်းဝင်း**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း တောင်သူအစုအဖွဲ့အလိုက် မိုးစပါးရိတ်သိမ်းရန် အခက်အခဲရှိသူများကို စက်မှုလယ်ယာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပေးနေ

ထားဝယ် နိုဝင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ရာ တောင်သူအစုအဖွဲ့အလိုက် ရိတ်သိမ်းရန် အခက်အခဲရှိသူများကို စိုက်ပျိုးရေးဦးစီးဌာနမှ စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနေကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါး ၂၂၂၃၉၆ ဧက စိုက်ပျိုးခဲ့ရာ အောက်တိုဘာလကုန်ပိုင်းက စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် မိုးစပါးအထွက်နှုန်း ကောင်းမွန်စေရန် ဆောင်ရွက်ထားသည့်အပြင် တောင်သူအကျိုးပြုစံပြစိုက်ခင်းဧက ၂၈၂၀ ကိုလည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

"မိုးစပါးကိုတော့ အောက်တိုဘာလကုန်ပိုင်းလောက်က စတင်ရိတ်သိမ်းနေတာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ အစုအဖွဲ့အလိုက် ရိတ်သိမ်းဖို့အခက်အခဲရှိရင် စက်မှုလယ်ယာဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးရိတ်သိမ်းပြီးတာနဲ့ နွေစပါး ၈၀၁၂ ဧက၊ ဆောင်းသီးနှံအနေနဲ့ မတ်ပဲနဲ့ နေကြာတွေကိုလည်း ဆက်လက်စိုက်ပျိုးမှာပါ" ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက မြစ်ရေကြီးမှုများကြောင့် လယ်ဧကထောင်ချီပျက်စီးမှုရှိခဲ့သော်လည်း အချိန်မီပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ဆောင်းသီးနှံအဖြစ် မတ်ပဲ ၁၁၂၅ ဧကနှင့်နေကြာ ၁၀၅ ဧကသာ စိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုနှစ်တွင် မတ်ပဲ ၂၀၀၃ ဧကနှင့်နေကြာ ၁၆၉ ဧကအပြင် တခြားပဲမျိုးစုံကိုလည်း တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၁၂)

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၂၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ နိုဝင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ စားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ဒေသခံတောင်သူများက အောက်တိုဘာလမှစ၍ ဆောင်းသီးနှံနေကြာကို စိုက်ပျိုးလျက်ရှိရာ ၂၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၂၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ရည်ရွယ်ပြီး နေကြာ ၁၂၈၀၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့အထိ ၂၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးတက်ရေးနဲ့ အရည်အသွေးကောင်းမွန်စေရေးအတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။ ဒေသခံတောင်သူတွေက နေကြာကို သီးသန့်စိုက်ပျိုးကြသလို နှစ်သီးစားဝင်ငွေတိုးပွားစေဖို့ တခြားသီးနှံတွေနဲ့ သီးညှပ်စိုက်ပျိုးတာလည်းရှိပါတယ်။ စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက် စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေးလုပ်ငန်းကို စိုက်ပျိုးစရိတ်အကုန်အကျသက်သာပြီး သီးနှံဝင်ငွေပိုမိုရရှိသည့်အတွက် တစ်နှစ်ပတ်လုံး အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံနေကြာစိုက်တောင်သူများကို သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းသော သီးနှံများထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များမှန်ကန်ရေးနှင့် သွင်းအားစုပစ္စည်းများ စနစ်တကျသုံးစွဲတတ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

သူ့အောက်က စာရေးဆိုသူမှာ ဘဖေပင်ဖြစ်သည်။ ဘဖေသည် ၁၉၆၀–၁၉၆၁–၁၉၆၂–၁၉၆၃ နှစ်များတွင် အမှတ် (၁) အစိုးရအလယ်တန်းကျောင်းတွင် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းတို့၌ ကျွန်တော်နှင့်အတူ စာသင်ခဲ့ကြသည်။ တန်းမြင့်ကျောင်းသို့လည်း ကျွန်တော်နှင့်အတူ တူပင် ရောက်ကြသည်။ ဒီလူလည်း တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲရှုံးသည်။ ကျွန်တော်နှင့်အတူတူရှုံးကြသည်။ နောက်မှ ၁၀ တန်းအောင်သွား၍ မူလတန်းဆရာအတတ်သင်ကျောင်းမှာ စာရေးဝင်လုပ်သည်ဟုပြောသည်။

ကျွန်တော်သည် ၁၉၈၄ ခုနှစ်တွင် မူလတန်းဆရာဖြစ်သင်တန်းဆင်းလက်မှတ်ရသည်။ အံ့သြဖွယ်ရာတစ်ခုမှာ တစ်သက်လုံး သင်္ချာဘာသာဒုက္ခပေး၍ ဘဝစုံးစုံးမြုပ်ခဲ့ရသော ကျွန်တော့်မှာ မူလတန်းဆရာဖြစ်သင်တန်းဆင်းလက်မှတ်တွင် သင်္ချာဘာသာဂုဏ်ထူးရနေခြင်းပင်ဖြစ်ပေသည်။ နောက်မှ စဉ်းစားမိသည်မှာ ကျွန်တော်သည် မူလတန်းပြဆရာအဖြစ်နှင့် အတန်းစုံကို သင်ပြခဲ့ဖူးသူဖြစ်သည့်အပြင် အပတ်တကုတ်ကြိုးစားအားထုတ်လေ့လာသင်ယူပြီး ကလေးများကို သင်ပြထားပေရာ မူလတန်းအဆင့် သင်္ချာသင်ခန်းစာများနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်၍ ပိုင်ပိုင်နိုင်နိုင်ဖြေဆိုနိုင်ခဲ့သောကြောင့် ဖြစ်ပေတော့သည်ဟု ကောက်ချက်ချလိုက်ရပေတော့သည်။

■ ■ ■ ■ ■ ■ ■

### ရခိုင်ရိုးမတောင်ခြေက စည့်င်းရွာ

၁၉၈၅ ခုနှစ် မတ်လ ၂၅ ရက်စွဲဖြင့် ကျွန်တော့်အား မြေပုံမြို့နယ် အ.လ.က သရက်တောင်မှ မြေပုံမြို့နယ် အ.မ.က စည့်င်းရွာသို့ မူလတန်းကျောင်းအုပ် (ရာထူးတိုး) ခန့်အပ်တာဝန်ပေးလိုက်သည်။

စည့်င်းရွာမှာ ရခိုင်ရိုးမတောင်ခြေတွင် တည်ရှိပေသည်။ လမ်းပန်းဆက်သွယ်ရေးလွန်စွာခက်ခဲသည်။ ကျွန်တော်မတိုင်မီ ကျောင်းအုပ်ဆရာမကြီးတစ်ယောက် ပြောင်းရွှေ့သွား၍ ကျွန်တော့်အား အစားထိုးခန့်အပ်ခြင်းဖြစ်ပေသည်။ ကျွန်တော်ရောက်သွားချိန်တွင် လက်ထောက်ဆရာတစ်ယောက်ရှိသည်။ ရွာထဲတွင် ညအိပ်ညနေ လက်ခံမည့်အိမ်ပင်မရှိသလောက်ဖြစ်သည်။ ကျွန်တော့်ကို ဘုန်းကြီးကျောင်းတွင်အိပ်ရန်စီစဉ်ပေးပြီး ထမင်းကို ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌအိမ်တွင် စားရသည်။ ထမင်းစားစရိတ် သေသေချာချာတော့ မမှတ်မိတော့ပါ။ တစ်လစားစရိတ် ၂၀ ကျပ်လို့ပဲထင်ပါသည်။

ကျွန်တော်သည် စည့်င်းရွာသို့ရောက်လျှင် ကျေးရွာကောင်စီအဖွဲ့ဝင်များကိုပြောပြီး လှေငယ်တစ်စင်းဝယ်လိုက်သည်။ လှေတန်ဖိုးမှာ ၂၅ ကျပ်ပင်ဖြစ်သည်။ စနေ၊ တနင်္ဂနွေကျောင်းပိတ်လျှင် လှေလေးကိုလှော်၍ ကျွန်တော်အိမ်ပြန်သည်။ သို့သော် ငန်းတောင်ရွာသို့ ကျောင်းတက်တုန်းကလို လွယ်လွယ်ကူကူမရောက်။ နေထွက်မှနေဝင်သည်အထိ တစ်နေကုန်လှော်ရသည်။ မြစ်ကြီးသုံးစင်းနှင့် ချောင်းရှည်ရှည်သုံးခုကို လှော်ရသည်။

> **"ကျွန်တော်သည် ၁၉၈၄ ခုနှစ်တွင် မူလတန်းဆရာဖြစ်သင်တန်းဆင်းလက်မှတ်ရသည်။ အံ့သြဖွယ်ရာတစ်ခုမှာ တစ်သက်လုံး သင်္ချာဘာသာဒုက္ခပေး၍ ဘဝစုံးစုံးမြုပ်ခဲ့ရသော ကျွန်တော့်မှာ မူလတန်းဆရာဖြစ်သင်တန်းဆင်းလက်မှတ်တွင် သင်္ချာဘာသာဂုဏ်ထူးရနေခြင်းပင်ဖြစ်ပေသည်။ နောက်မှ စဉ်းစားမိသည်မှာ ကျွန်တော်သည် မူလတန်းပြဆရာအဖြစ်နှင့် အတန်းစုံကို သင်ပြခဲ့ဖူးသူဖြစ်သည့်အပြင် အပတ်တကုတ်ကြိုးစားအားထုတ် လေ့လာသင်ယူပြီး ကလေးများကို သင်ပြထားပေရာ မူလတန်းအဆင့် သင်္ချာသင်ခန်းစာများနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်၍ ပိုင်ပိုင်နိုင်နိုင်ဖြေဆိုနိုင်ခဲ့သောကြောင့် ဖြစ်ပေတော့သည် . . ."**

ကျွန်တော်သည် မည်သည့်နေရာသို့ပဲရောက်ရောက် ငွေကြေးလဲလှယ်ရောင်းဝယ်လို့ရမည့်အရေးကို စဉ်းစားလေ့ရှိသည်။ စည့်င်းရွာနှင့်မနီးမဝေးတွင် ကိုင်းခင်းများရှိကြသည်။ ထိုနေရာသို့သွားပြီး ရှောက်သီး၊ သံပရာသီးများဝယ်သည်။ သံပရာချုံမှာ အသီးများပွတ်ခဲပြီး သီးနေကြပေရာ ခပ်နိမ့်နိမ့်အကိုင်းအခက်များမှာဆို မြေကြီးပေါ်ပုံထားသလားထင်ရသည်။ အခွံပါးမျိုးဖြစ်ပြီး မှည့်ဝင်းနေကြပြီဖြစ်ပေရာ မြင်ရသည်မှာ ဝါထိန်ပြီး မျက်စိပသာဒရှိလှသည်။ ရှောက်သီး၊ သံပရာသီးကို လှေပေါ်မှာ အပြည့်ထည့်ပြီး ကျွန်တော်ရွာပြန်သည်။ သရက်တောင်မှာ ရွာကြီးတစ်ရွာဖြစ်ပြီး အသီးအရွက်ထွက်ကုန်မရှိသဖြင့် ရောင်းပန်းဝယ်ပန်းသာသည်။

မိုးရာသီတစ်နေ့ ကျောင်းပိတ်ရက်မှာ ကျွန်တော် သရက်တောင်ရွာသို့ ပြန်ရန်စီစဉ်လိုက်သည်။ သိပ်မကြာ ကျောင်းသားလေးများ ခေါင်းမတိုလေးတွေကိုယ်စီနဲ့ ခမောက်ကလေးတွေဆောင်းပြီး စာသင်ကျောင်းနားသို့ ရောက်လာကြ၏။

"သားတို့ ခေါင်းကိုယ်စီနဲ့ပါလား ဘာလုပ်ကြမှာမို့လဲ"

"ဟုတ်ကဲ့ပါဆရာကြီး၊ ဆရာကြီးအတွက် ကြသောင်းဝါးမျှစ်တုတ်တွေ ပေးလိုက်ချင်လို့ပါ"

"ဟေ ဟုတ်လား၊ အဲဒီမျှစ်တုတ်တွေက ဘယ်မှာရမှာလဲ"

"ရိုးမတောင်ကြောထဲ သွားချိုးရမှာပါ ဆရာကြီး"

"အဲလိုဆို သားတို့နဲ့ ဆရာကြီးပါ လိုက်ခဲ့မယ်လေ"

ကျွန်တော့်မှာ ကျောင်းသားလေးများလိုပဲ ခမောက်တစ်ခုကိုဆောင်းပြီး လိုက်ပါလာခဲ့သည်။ ကျောင်းသားလေးများမှာ တောပြောတောင်ပြောနှင့်ပြေးသည့်အခါပြေး၊ ခုန်သည့်အခါခုန်ပြီး ပျော်ပျော်ပါးပါးသွားကြသည်။ လမ်းမှာသစ်ခက်ချုံနွယ်များ ဆီးတားနေလျှင် ခေါင်းလေးများဖြင့် ခုတ်ဖြတ်လမ်းရှင်းပေးကြသည်။ လယ်ကွင်းစပ်အလွန်တွင် တောင်ကျချောင်းလေးတစ်ခုမှာ ရေစပ်စပ်လေးစီးနေသည်။ ကလေးတွေရော ကျွန်တော်ပါ တောင်ခြေရေစပ်ကပဲ လျှောက်သွားလိုက်ကြသည်။ နာရီဝက်လောက်လျှောက်မိချိန်တွင် သူတို့လေးတွေ တောင်ကျချောင်းလေးအစပ် ချုံနွယ်တောကြားက တောင်နံရံသို့ ခပ်သွက်သွက်တက်သွားကြသည်။ စည့်င်းရွာနှင့် တစ်မိုင်ကျော်ကျော်လောက်ပဲ ဝေးလိမ့်မည်ထင်ပါသည်။

သိပ်မကြာ မျှစ်ချိုးသံများ၊ မျှစ်တုတ်ကြီးများကို ရေထဲသို့ပစ်ချသံများမှာ တောင်ကမ်းပါးယံတွင် ဆူညံသောသောရှိချေ၏။ တောင်ကမ်းပါးယံကနေ ကျောင်းသားများ ပစ်ချလိုက်သလိုပဲ ချောင်းထဲက ကျောင်းသားလေးများကလည်း ကောက်ယူစုပုံထားပြီးသားဖြစ်နေပေသည်။ ကျွန်တော်သည် မျှစ်ချိုးတာကို သိလိုသဖြင့် တောင်ခြေသို့တက်သွားလိုက်၏။ ကြသောင်းဝါးပင်ကြီးများမှာ ဟိုနားတစ်ချုံ ဒီနားတစ်ချုံ ပြန့်ကြဲနေသည်။ ကျောင်းသားလေးများသည် ပြေးပြေးလွှားလွှားပဲ ဝါးပုတ်အောက်ခြေက မျှစ်တုတ်ကြီးများကို ခေါင်းဖြင့်ခုတ်ဖြတ်ပြီး တောင်ခြေကရေစီးမြောင်းထဲသို့ ပစ်ချကြသည်။

"သားတို့ရေ ဒီဥစ္စာက ဘယ်လိုဖြစ်တာလဲဟ အထူးအဆန်းကြီးပါလား"

"ကြသောင်းဝါးပါ ဆရာကြီး"

ကြသောင်းဝါးမှာ ပင်စည်ကြီးမျိုးဖြစ်သည်။ လုံးပတ်မှာ ထွာဆိုင်နှစ်ထွာ၊ သုံးထွာခန့်အထိ ရှိတတ်ကြသည်။ ခု ကျွန်တော်တွေ့နေရသောအရာမှာ ကြသောင်းဝါးပင်ကြီးများကို အရင်းကပင်လှဲပြီး ပင်စည်အစမှအဆုံးထိ ထက်ခြမ်းခွဲထားသဖြင့် ပျဉ်ပြားကြီးလိုဖြစ်နေ၏။ ဝါးလုံးအတွင်းပိုင်းရှိ ဝမ်းဗိုက်သားနှင့်ကပ်လျက်ရှိသည့် ပလတ်စတစ်လိုပါးလွှာလွှာအကာလေးများကို အသေအချာခွာယူထားကြသည်ကို အံ့သြဖွယ်ရာတွေ့လိုက်ရပေသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

## စစ်ကိုင်းမြို့၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြော

စစ်ကိုင်း နိုဝင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၈ ရက်တွင် စစ်ကိုင်းမြို့နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ယမင်းအောင်က ကမ္ဘာပေါ်တွင် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုအခြေအနေ၊ မြန်မာနိုင်ငံ၌ ပလတ်စတစ်ပစ္စည်းများသုံးစွဲမှုနှင့် စွန့်ပစ်မှုအခြေအနေ၊ ပလတ်စတစ်အမှိုက်ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ခံစားရမှုများ၊ ပလတ်စတစ်၏ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်ပွားနိုင်သောရောဂါများ၊ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်သည့် နည်းလမ်းများအကြောင်းကို ဆွေးနွေးဟောပြောခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး Video Clip ကို ပြသခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

## (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို စာစီစာကုံး ကဗျာ ပန်းချီပြိုင်ပွဲကျင်းပ

ကျိုက်မရော နိုဝင်ဘာ ၁၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အခြေခံပညာ အထက်တန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို နိုဝင်ဘာလ ၁၈ ရက်တွင် ကျိုက်မရောမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်သန့်က အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကို အမျိုးသားရေးစိတ်ဓာတ်နှင့်လူငယ်အားမာန်ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး၊ အလယ်တန်းအဆင့်၌ အမျိုးသားအောင်ပွဲမှသည် လွတ်လပ်ရေးပန်းတိုင်စီသို့ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို အမျိုးသားရေးစိတ်ဓာတ်နှင့် လူငယ့်အားမာန်ခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးနှင့် ပန်းချီပြိုင်ပွဲကို အမျိုးသားရေးစိတ်ဓာတ်နှင့် လူငယ့်အားမာန်ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့စတင်ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ဦးစွာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများနှင့် ကျောက်မျက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် အုပ်စု(အေ၊ ဘီ၊ စီ) သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်လည်းကောင်း၊ ကျောက်မျက်အတွဲများကို နိုဝင်ဘာလ ၂၁ ရက်တွင်လည်းကောင်း၊ အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။



ယခုပြပွဲတွင် ပုလဲအတွဲနှင့်ကျောက်မျက်အတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။







အုပ်စု(အေ)နှင့်အုပ်စု(ဘီ)တို့မှ ကျောက်စိမ်းအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိပြီး ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအားလုံး ဝယ်ယူခွင့်ရှိကာ အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ)အတွက် နိုင်ငံခြားငွေနှင့်အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများသည် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်းဖြစ်သည့်အတွက် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းဈေးကို ကျပ်ငွေဖြင့်သတ်မှတ်ထားရှိကာ ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍနှင့် မြန်မာ့ပုလဲရတနာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပြီး ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်၊**
**ဓာတ်ပုံ-ကိုကိုထိန်**

# မအူပင်မြို့နယ် ပဲမျိုးစုံဈေးကွက်၌ ထောပတ်ပဲနီများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

မအူပင် နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ပဲမျိုးစုံဈေးကွက်၌ ထောပတ်ပဲနီများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခိုင်ခိုင်ဝင်း၏ပြောကြားချက်အရ သိရသည်။

မအူပင်မြို့နယ် ပဲမျိုးစုံဈေးကွက်၌ နိုဝင်ဘာလပထမပတ်မှစ၍ လက်ရှိအချိန်ထိ ထောပတ်ပဲနီများ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါထောပတ်ပဲနီများ ဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်၌ ထောပတ်ပဲနီများ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''လက်ရှိ မအူပင်မြို့နယ် ပဲမျိုးစုံဈေးကွက်မှာ တခြားပဲတွေထက် ထောပတ်ပဲနီက ဝယ်လိုအားကောင်းလာပါတယ်။ ဝယ်လိုအားကောင်းလာတာက ပြည်တွင်းဈေးကွက်က ထောပတ်ပဲနီတွေ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာတာကြောင့်ဖြစ်ပါတယ်။ ပြည်ပပဲဈေးကွက်ကို ပြန်လည်တင်ပို့နေလို့ အခုလို ဝယ်လိုအားကောင်းလာတာလို့ ရန်ကုန်မြို့ကကုန်သည်တွေဆီက သိရတယ်။ နိုဝင်ဘာလဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာပါ။ အခုရက်ပိုင်းအတွင်း ထောပတ်ပဲနီက ဈေးနည်းနည်းပိုကောင်းလာပါတယ်။ လက်ရှိထောပတ်ပဲနီကို စိုက်ပျိုးသူတွေနဲ့ ပဲသိုလှောင်ထားတဲ့ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့အခြေအနေမှာရှိနေပါတယ်။ ထောပတ်ပဲနီက လာမယ့်ပဲပေါ်တဲ့ရာသီအထိ အရောင်းအဝယ် ဆက်ကောင်းနေဖို့ပဲရှိတယ်'' ဟု ဒေါ်ခိုင်ခိုင်ဝင်းကပြောသည်။

မအူပင်မြို့နယ် ပဲမျိုးစုံဈေးကွက်၌ ထောပတ်ပဲနီများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချအလုပ်သမားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ကျောက်ဆည်မြို့နယ် တောင်တမုတ်မြောင်း၌ ရေပွန်ငါးလုံး ပြန်လည်ပြုပြင်ပေး

ကျောက်ဆည် နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်ရှိ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းတွင် အောင်မြင်စေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် တောင်တမုတ်မြောင်း၌ ရေပွန်ငါးလုံး ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ပြန်လည်ပြုပြင်ပေးခဲ့သည့် ရေပွန်များသည် ညောင်ဝန်းကျေးရွာအနီး၌ တည်ရှိပြီး ရေပွန်များသည် ထိန်းချုပ်ရေတံခါးများမရှိခြင်းနှင့် ပွန်နဖူးစည်းကျောက်သားနံရံများ ပျက်စီးနေသည့်အတွက် စိုက်ပျိုးရေများအလှည့်ကျပေးဝေရာတွင် ရေအလေအလွင့်များခြင်း၊ မြောင်းဖျားစိုက်ခင်းများ ရေလုံလောက်စွာမရရှိခြင်းကြောင့် အရှည် ပေ ၂၀၊ အချင်း ၁၂ လက်မ သံကူကွန်ကရစ်ပွန်နှစ်လုံး၊ အရှည် ပေ ၂၀၊ အချင်း ၈ လက်မ သံကူကွန်ကရစ်ပွန်သုံးလုံး စုစုပေါင်းပွန်ငါးလုံးအား ပြန်လည်ပြုပြင်ပေးခဲ့ပြီး ပွန်များ၏ထိပ်တွင် နဖူးစည်းကျောက်စီနံရံနှင့် ရေထိန်းတံခါးများ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ရေပွန်ငါးလုံးပြန်လည်ပြုပြင်ပေးခဲ့မှုကြောင့် အဆိုပါရေပွန်ငါးလုံးမှ စိုက်ပျိုးရေများပေးဝေနေသည့် လယ်ယာမြေဧက ၆၀ တွင် စိုက်ပျိုးထားသောသီးနှံများအတွက် သတ်မှတ်ရေပေးဝေရက်အတွင်း စိုက်ပျိုးရေများ ထိရောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေရရှိသည့်အတွက် သီးနှံစိုက်ခင်းများ အောင်မြင်ကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# မော်လမြိုင်ကျွန်းမြို့နယ်၌ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားလာစေရန် လူငယ်စကားဝိုင်းကျင်းပ


မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကြောင်ထောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်များဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားလာစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာစကားပြောဆိုတတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာလ ၁၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်ကျွန်းမြို့နယ် ကြောင်ထောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးလေးမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နုနုအေးက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားရာတွင် လူငယ်များ အသိပညာဗဟုသုတများရရှိ၍ အပြန်အလှန်ဆွေးနွေးကြရာမှ အတွေ့အကြုံသစ်များရရှိစေရန် လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပရာ ဦးဆောင်ဆွေးနွေးသူများအဖြစ် Grade – 12 မှ ကျောင်းသား မောင်သက်ဝေအောင်၊ ကျောင်းသူ မပပလှိုင်၊ Grade–11 မှ ကျောင်းသူ မမိုးပြည့်ပြည့်ဦး၊ မချယ်ဆုမြတ်နိုင်၊ Grade– 10 မှ ကျောင်းသူ မယုသဇင်တို့က သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု လူသားအားလုံးထိန်းသိမ်းကာကွယ်စို့ ခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးကြပြီးနောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)




# ညောင်လေးပင်မြို့နယ် တော်ပသီခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းချဲ့ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်လေးပင် နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်စေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (SMART Village) ဖြင့် တော်ပသီခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းချဲ့ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့်အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ တော်ပသီခေတ်မီစံပြကျေးရွာ၌ အရှည်ပေ ၂၀၅၀၊ အကျယ် ၁ ပေ ၆ လက်မ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းချဲ့ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တော်ပသီခေတ်မီစံပြကျေးရွာရှိအဆိုပါ ကွန်ကရစ်လမ်းချဲ့ခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (SMART Village) ခွင့်ပြုငွေ ငွေကျပ် ၁၉ ဒသမ ၈၆ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ်အောက်တိုဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ အရာထမ်းလောင်း (အထူး)သင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၈

အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၄)၏သင်တန်းဖွင့်ပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အမှာစကားပြောကြားသည်။

အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၄)သို့ သင်တန်းသား ၆၆ ဦးနှင့် သင်တန်းသူ ၅၀ ဦးစုစုပေါင်း ၁၁၆ ဦး တက်ရောက်ကြပြီး သင်တန်းကို ၂၀၂၅ ခုနှစ် မတ်လ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းနှင့် အရာထမ်းလောင်း (အထူး)သင်တန်းဖွင့်လှစ်




နေပြည်တော် နိုဝင်ဘာ ၁၈

အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၈) ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်ဦးစိုးတင့်၊ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၈)သို့ သင်တန်းသား ၃၀၊ သင်တန်းသူ ၃၆၂ ဦး စုစုပေါင်း ၃၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာလ ၂၀ ရက်အထိ ရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

ထို့ပြင် အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရတနာသိဃ်ခန်းမ၌ ကျင်းပပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ တာဝန်ရှိသူများနှင့်သင်တန်းသား၂၆ ဦး၊သင်တန်းသူ ၉၅ ဦးစုစုပေါင်း ၁၂၁ ဦးတက်ရောက်ကြပြီး သင်တန်းကို ၂၀၂၅ ခုနှစ် မတ်လ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ထူးခြားသည့်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၈

ထူးခြားသည့်အခြေအနေမှာ ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "မန်ရီ"သည် အနောက်ဘက်သို့ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၁၉ ရက် ညပိုင်းတွင် ဟိုင်နန်ကျွန်းအနီးသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၁၈-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၂.၃ | ၃၆.၁ |
| တီးတိန်မြို့ | ၆.၈ | ၄၄.၂ |
| ပြင်ဦးလွင်မြို့ | ၁၀.၅ | ၅၀.၉ |
| မြစ်ကြီးနားမြို့ | ၁၁.၇ | ၅၃.၁ |
| မိုင်းယန်းမြို့ | ၁၂.၀ | ၅၃.၆ |

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၀၉၀ | ၃၀၆၅ | ၃၀၂၀ | ၃၀၉၀ | ၃၁၀၅ | ၃၁၁၅ | ၃၀၇၀ | ၄၅၀၅ | ၃၂၂၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၂၅ | ၃၁၁၅ | ၃၁၃၀ | ၃၅၃၀ | ၄၀၀၀ |
| 95 Ron | ၃၂၀၀ | ၃၂၈၅ | ၃၂၆၀ | ၃၂၃၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၅ | ၄၅၆၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၄၁၅၀ |
| HSD (500 ppm) | ၂၆၆၅ | ၂၇၄၅ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၅ | ၂၇၅၅ | ၂၇၇၀ | ၂၇၂၅ | - | ၂၈၀၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၈၅ | ၄၀၀၀ |
| HSD (50 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | ၄၈၃၀ | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |
| HSD (10 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | - | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၃ | ၂၉၄၃ |
| 95 Ron | ၃၀၃၉ | ၃၁၃၃ |
| HSD (500 ppm) | ၂၅၁၆ | ၂၅၉၆ |
| HSD (50 ppm) | ၃၁၄၄ | ၃၂၃၇ |
| HSD (10 ppm) | ၃၁၄၄ | ၃၂၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၁၀၃၇၇၊ ၀၉-၂၅၆၆၂၅၆၇၇

၀၆၇-၃၁၀၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဟင်းခတ်အမွှေးအကြိုင်များနှင့် ကျန်းမာရေး

**''ကမ္ဘာပေါ်ရှိ အရှေ့တိုင်း၊ အနောက်တိုင်း အစားအစာဟင်းလျာများတွင် ပင်စိမ်းကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသည်။ ဂျာမနီဆေးသုတေသီများ၏ မှတ်တမ်းများအရ ပင်စိမ်းတွင်ပါရှိသော သဘာဝဓာတ်ပေါင်းစုတစ်မျိုးက ဦးနှောက်စွမ်းဆောင်ချက်ကို တိုးတက်ကောင်းမွန်စေသည့်အပြင် စိတ်ကျခြင်း၊ စိတ်ဖိစီးခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါတို့ကို ထိရောက်စွာကုသပေးနိုင်ကြောင်း အတည်ပြုထားသည်။ ထို့ပြင် ပင်စိမ်းသည် ကလေးငယ်များ၏ ဉာဏ်ရည်စွမ်းအားကို တိုးတက်မြင့်မားစေနိုင်၍ အရွယ်သုံးပါးမရွေး ပင်စိမ်းစားသုံးသင့်သည်. . .''**

### ငရုတ်ကောင်း

Black Pepper ခေါ် ငရုတ်ကောင်းသည် နိုင်ငံတကာသုံး ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်ရုံမျှမက ဆေးဝါးများဖော်စပ်ရာတွင်လည်း အသုံးပြုကြသည်။ မြန်မာ့ဆေးကျမ်းအရ ငရုတ်ကောင်းစေ့သည် ပူစပ်သောအရသာရှိသည်။ လေ၊ သလိပ်ကို ကြေစေသည်။ ဝမ်းမီးကိုတောက်စေ၍ အစာကြေစေသည်။ သည်းခြေကိုဖြစ်စေသည်။ သွေးကိုကြွစေတတ်သည်။ နှုတ်ကိုမြိန်စေသည်။ ငရုတ်ကောင်းသည် သွေးဆုတ်၊ သွေးပုပ်၊ အတွင်းပူသောအနာ၊ ဝမ်းချုပ်သောအနာ၊ မီးတွင်း၌ ချွေးမထွက်သောအနာ၊ ချွေးအလွန်ထွက်သောအနာ၊ ဝမ်းကိုက်သောအနာ၊ လေ၊ သလိပ်၊ သွေး၊ သည်းခြေတို့နှင့်ယှဉ်သော အလုံးစုံသော အနာရောဂါတို့ကို နိုင်သည်။

အိန္ဒိယဆေးကျမ်းများတွင် ငရုတ်ကောင်းနက်သည် ပူ၊ စပ်၊ မွှန်၍ အရေပြားအတွက် ပြင်ပလိမ်းဆေးအဖြစ်သုံးနိုင်သည်။ သားအိမ်အတွင်း ချွဲမြေးများအပေါ် အကျိုးသက်ရောက်မှုရှိသည်။ လိပ်ခေါင်းရောဂါနှင့် ဓမ္မတာပေါ်စေရန် သုံးပေးနိုင်သည်ဟုဆိုသည်။ အင်္ဂလိပ်ဆေးကျမ်းများအရ ငရုတ်ကောင်းနက်သည် ရနံ့သင်း၍ နိုးကြားစေသည်။ အစာကြေစေသည်။ အာရုံကြောအားဆေးအဖြစ် သုံးသည်။ ဝမ်းဗိုက်နာကျင်ခြင်း၊ လေပွခြင်း၊ ဝမ်းသွားခြင်း၊ ချောင်းဆိုးခြင်း၊ သတိမေ့မြောခြင်း၊ ဂနိုနာရောဂါ၊ ငှက်ဖျားရောဂါတို့အတွက် အကျိုးရှိစေသည်။

### ဖာလာစေ့

Cardamom ခေါ် ဖာလာစေ့၏ အရသာမှာ စပ်ရှရှနှင့် တစ်မျိုးဆွဲဆောင်မှုရှိသည်။ ရှင်သန်ပေါက်ရောက်ရာ ရေမြေဒေသပေါ်မူတည်ကာ ဖာလာစေ့ကို အစိမ်းရောင်နှင့် အနက်ရောင်အဖြစ် အရောင်နှစ်မျိုးတွေ့ရသည်။ ကျန်းမာရေးရှုထောင့်အရ အရောင်တစ်မျိုးစီတွင် မတူညီသော အားသာချက်တစ်ခုစီပါရှိသည်။ အနက်ရောင်ဖာလာစေ့က အသည်းနှင့်နှလုံးတွင်ရှိသော Superoxide Dismutase (SOD)၊ Catalase (CAT) နှင့် Glutathione S-transferases (GSTs) စသော အင်ဇိုင်းများကို တိုးပွားစေနိုင်သည်။ အစိမ်းရောင်ဖာလာစေ့က ခန္ဓာကိုယ်ထဲရှိ မကောင်းသော ကိုလက်စထရောများကို ကျစေသည်။ အသည်းကြီးရောဂါနှင့် အသည်းအဆီဖုံးရောဂါတို့အတွက် ဖာလာစေ့က ကောင်းကျိုးပြုသည်။ ဖာလာစေ့က ခံတွင်းရနံ့ကောင်းမွန်စေပြီး သွားနှင့် ခံတွင်းရောဂါပိုးငါးမျိုးကို နှိမ်နင်းပေးနိုင်၍ သွားပိုးစားခြင်းမှလည်း အပြည့်အဝကာကွယ်ပေးနိုင်သည်။

မြန်မာ့ဆေးကျမ်းတွင် ဖာလာစေ့သည် ခါးသည်။ အေးသည်။ ထက်မြက်သည်။ ဦးခေါင်းကို စင်ကြယ်စေသည်။ လေကိုနိုင်သည်။ ဆီးပူ၊ ဆီးနည်း၊ ချောင်းဆိုး၊ ပန်းနာ၊ မြင်းသရိုက်၊ လည်ချောင်းနာခြင်းနှင့် ဆီးကျောက်တည်ခြင်း စသော ဆီးအိမ်တွင်ဖြစ်သော ရောဂါများကို ပျောက်ကင်းစေသည်။ သွေးလေချုပ်ခြင်း၊ ချွေးမထွက်ခြင်း၊ မူးဝေခြင်းတို့ကို သက်သာစေသည်ဟု ဖော်ပြထားသည်။

### တရုတ်နံနံပင်

Rock Celery ခေါ် တရုတ်နံနံသည် ကမ္ဘာပေါ်တွင် ရေပန်းအစားဆုံး ဆေးဖက်ဝင် ဟင်းခတ်အမွှေးအကြိုင် တစ်မျိုးဖြစ်သည်။ အလွန်ဆေးစွမ်းထက်သော အပင်ဖြစ်သော်လည်း လူအများက ယင်း၏အစွမ်းသတ္တိကို သတိမထားမိဘဲ ဟင်းသီးဟင်းရွက်အဖြစ်သာ အသုံးပြုလေ့ရှိကြသည်။ တရုတ်နံနံတွင် ဗီတာမင် C ကြွယ်ဝစွာပါရှိခြင်းကြောင့် ကိုယ်ခံအားကောင်းစေပြီး အအေးမိ၊ နှာစေး၊ ချောင်းဆိုးစသည့်ရာသီဖျားအမျိုးမျိုးတို့ကို အလွယ်တကူ မကူးစက်နိုင်ပေ။ ခန္ဓာကိုယ်အစိတ်အပိုင်းနေရာအားလုံးတွင် Antioxidant များကို အန္တရာယ်ကင်းစွာဖြင့် ပျော်ဝင်ကျိုချက်ပေးနိုင်စွမ်းရှိသည်။ Fatty acid နှင့်ပတ်သက်သော ရောဂါအမျိုးမျိုးမှ ကင်းဝေးစေသည်။ ဗီတာမင် C ဓာတ်ပါသော ဆေးဝါးများကို အလွန်အကျွံသောက်သုံးပါက အရိုးအဆစ်ရောင်ရောဂါဖြစ်ပွားစေသည်။ သို့သော် တရုတ်နံနံတွင် ကျန်းမာရေးအတွက် သင့်တင့်မျှတသော ဗီတာမင် C အလုံအလောက်ပါရှိသဖြင့် သက်ကြီးပိုင်းတွင်ဖြစ်တတ်သော ဒူလာ ပါဒရက်ကဲ့သို့ အရိုးအဆစ်ရောင်ရောဂါများကို ထိထိရောက်ရောက်ကာကွယ်ပေးသည်။

တရုတ်နံနံတွင်ပါရှိသော myristicin ခေါ် အငွေ့ပြန်လွယ်သည့်အဆီက ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော ဓာတ်ပေါင်းမော်လီကျူးများကို ဖျက်ဆီးပေးသဖြင့် အကျိတ်များဖြစ်ပေါ်မှုကို ဟန့်တားပေးသည်။ အထူးသဖြင့် အဆုတ်ထဲတွင် အဖုအကျိတ်မဖြစ်အောင် တားဆီးကာကွယ်ပေးသည်။ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည့် စီးကရက်မီးခိုးငွေ့များနှင့် အသားကင်၊ ငါးကင်ခြင်းတို့ကြောင့် ရှူရှိုက်မိသောညှော်နံ့များကို အာနိသင်ပျက်ပြယ်စေသည်။ ဦးရေပြားခြောက်သွေ့ပြီး ဆံပင်ကျွတ်ခြင်းအတွက် တရုတ်နံနံအဆီလိမ်းပေးခြင်းဖြင့် ဆံပင်သန့်စေကာ ဆံသားများ နူးညံ့ချောမွေ့စေသည်။ တရုတ်နံနံမှရရှိသောအဆီကို သွားနှင့် သွားဖုံးပိုးသတ်ဆေးအဖြစ် အသုံးပြုနိုင်သည်။ သွေးထဲရှိ သကြားပမာဏလျော့ကျစေသဖြင့် ဆီးချိုရောဂါသည်များကို ကောင်းကျိုးပြုသည်။ ပန်းနာရင်ကျပ်ရောဂါကို ထိရောက်စွာ တိုက်ဖျက်ပေးနိုင်စွမ်းရှိသည်။

### ချင်း

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှေးယခင်ကစ၍ ချင်းကို ဟင်းခတ်အမွှေးအကြိုင်တစ်ခုအဖြစ်သာမက ကျန်းမာရေးအတွက်ပါ အသုံးပြုလာခဲ့ကြသည်။ မြန်မာ့ဆေးကျမ်းများအရ ချင်းစိမ်းသည် ချိုခါးသော အရသာရှိသည်။ အေးသောသတ္တိရှိသည်။ နှုတ်ကိုမြိန်စေသည်။ အစာကို ကြေကျက်လွယ်သည်။ ဝမ်းမီးကိုတောက်စေသည်။ သလိပ်၊ သည်းခြေကိုနိုင်သည်။ ဆီးဝမ်းကို ရှင်စေသည်။ အဆိပ်ကိုနိုင်သည်။ အသံနာ၊ ရင်နာ၊ လေနာတို့ကိုနိုင်သည်။ ပြင်းထန်သော အနာပေါက်ခြင်းနှင့် ထိခိုက်မှုတို့ကြောင့်ဖြစ်သောရောင်ရမ်းမှုတို့ကို ပျောက်ကင်းစေသည်။ ချင်းစိမ်း၊ ထန်းလျက်နှင့် ကွမ်းရွက်တို့ကိုပြုတ်၍ သောက်သော် တုပ်ကွေးဖျားပျောက်ကင်းသည်။ သားဖွားမိခင်များအတွက် သွေးသားစင်ကြယ်စေသည်ဟု ဖော်ပြထားသည်။ ဓာတုရသ လေးစောင်တွဲဓာတ်ကျမ်းတွင် ချင်းမှာ ဒဏ်ထိနာနှင့် သံသာအင့်ခိုး၊ လေကြို့ထိုးအင့်၊ ဝမ်းနှင့်သင့်၏ဟု ဆိုထားသည်။

ထမင်းမစားမီ ချင်းအနည်းငယ်ကို ဆားနှင့်စားပါက သို့မဟုတ် ချင်းမှုန့်ကို ဆားခတ်ပြီးစားပါက အစာစားချင်စိတ်ကို ပိုမိုတိုးပွားစေသည့်အပြင် ထမင်းစားရာတွင် နှုတ်မြိန်စေပြီး စားလိုက်သော အစာကို ကြေညက်စေသည်။ ထမင်းမစားမီ ချင်းစားခြင်း၏ တခြားသောကျန်းမာရေးအကျိုးကျေးဇူးများမှာ လေဖောက်ပြန်ခြင်းကို ငြိမ်သက်စေသည်။ စိတ်ကိုကြည်လင်စေသည်။ ဝမ်းတွင်းရှိ လေနှင့်သလိပ်ကိုထုတ်ပစ်သည်။ နှလုံးကိုအားပေးသည်။ လျှာနှင့်လည်ချောင်းကို စင်ကြယ်စေသည်။

### စပါးလင်

Lemon Grass ခေါ် စပါးလင်ကို ခံတွင်းမြိန်စေသော ဟင်းခတ်အမွှေးအကြိုင်အဖြစ်သာမက ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းဆေးဝါးဖော်စပ်ရာတွင် အသုံးပြုခဲ့ကြသည်။ စပါးလင်၏ထူးခြားကောင်းမွန်သောရနံ့ကိုအခြေခံ၍ ဆပ်ပြာ၊ ရေမွှေး၊ ဖယောင်းတိုင်များအပြင် အင်းဆက်ပိုးမွှားများနှင့် ခြင်နိုင်ဆေးများအဖြစ်တွင်ကျယ်စွာထုတ်လုပ်ရောင်းချကြသည်။ စပါးလင်ခြောက်ကို ရေနွေးငွေ့ဖြင့်ပေါင်းခံကာ အဆီထုတ်ယူထားသော စပါးလင်အဆီ၏ရနံ့သည် သံပရိုသီးအနံ့နှင့်ခပ်ဆင်ဆင်တူသော်လည်း စပါးလင်ဆီနံ့က ပျော့၍ ဆွဲဆောင်မှုပိုကောင်းသည်။ ထိုအဆီဖြင့် တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် ကျေးလက်ရိုးရာ ရနံ့ပေးကုထုံးအဖြစ် ရောဂါများကိုကုသကြသည်။

စပါးလင်ရှိ Citronella ခေါ် Citral ဓာတ်ပေါင်းစုသည် အကြောဆွဲခြင်း၊ ကြွက်သားများ ကြွက်တက်ခြင်းနှင့် ဒူလာရောဂါတို့ကို သက်သာပျောက်ကင်းစေသည်။ စပါးလင်ကို အပူပေးလိုက်သည့်အခါ အစွမ်းထက်မြက်သည့် Beta-Carotene နှင့် Antioxidant များထွက်ရှိလာပြီး အူမကြီးကင်ဆာအပါအဝင် တခြားကင်ဆာရောဂါများကို ကာကွယ်ဟန့်တားပေးသည်။ Antibacterial နှင့် Antifungal အစွမ်းသတ္တိများ ပါရှိခြင်းတို့ကြောင့် ခြေဖနောင့်ကွဲအက်နာများနှင့် ဒဏ်ရာများကို စပါးလင်သတ္တုရည်လိမ်းပေးခြင်းဖြင့် မှိုပိုးများကိုသေစေကာ အနာမြန်မြန်ကျက်စေသည်။ ထို့ပြင် ကိုယ်တွင်းကိုယ်ပဗက်တီးရီးယားပိုးမွှားများကို သေစေနိုင်သည်။ အသည်းနှင့်ကျောက်ကပ်တို့ကို သန့်စေကာ ယူရစ်အက်စစ်ကို လျှော့ချပေးနိုင်သည်။ ပန်ကရိယနှင့်ဆီးအိမ်တို့ကို ကောင်းကျိုးပြုသည်။ ကိုယ်ခံအားတိုးတက်ကောင်းမွန်စေသည်။ အပင်၏အမြစ်နှင့် အရွက်များကို မီးမြှိုက်၍ ခြင်၊ ယင်နှင့် အင်းဆက်ပိုးမွှားများ နှိမ်နင်းနိုင်သည်။

### ပင်စိမ်းရွက်

ကမ္ဘာပေါ်ရှိ အရှေ့တိုင်း၊ အနောက်တိုင်း အစားအစာဟင်းလျာများတွင် ပင်စိမ်းကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသည်။ ဂျာမနီဆေးသုတေသီများ၏မှတ်တမ်းများအရ ပင်စိမ်းတွင်ပါရှိသော သဘာဝဓာတ်ပေါင်းစုတစ်မျိုးက ဦးနှောက်စွမ်းဆောင်ချက်ကို တိုးတက်ကောင်းမွန်စေသည့်အပြင် စိတ်ကျခြင်း၊ စိတ်ဖိစီးခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါတို့ကို ထိရောက်စွာကုသပေးနိုင်ကြောင်း အတည်ပြုထားသည်။ ထို့ပြင် ပင်စိမ်းသည် ကလေးငယ်များ၏ ဉာဏ်ရည်စွမ်းအားကို တိုးတက်မြင့်မားစေနိုင်၍ အရွယ်သုံးပါးမရွေး ပင်စိမ်းစားသုံးသင့်သည်။

အိန္ဒိယဆေးသုတေသီများ၏ လေ့လာဆန်းစစ်ချက်များအရ ပင်စိမ်းရွက်မှန်မှန်စားသော အမျိုးသမီးများသည် သွေးသားစင်ကြယ်ကာ သားအိမ်သန့်စေကြောင်း၊ သား၊ သမီးဝေးလိုသော အမျိုးသမီးများသည် ပင်စိမ်းရွက်လက်တစ်ဆုပ်ပြုတ်ရည်တစ်ပန်းကန်ကို ဓမ္မတာလာပြီးသည့်နောက် သုံးရက်ဆက်တိုက်သောက်ပေးသင့်ကြောင်း အကြံပြုထားသည်။ အနောက်တိုင်းဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အရ ပင်စိမ်းတွင်ပါရှိသော သဘာဝယူဂျီနော (Eugenol) ဓာတ်က ခန္ဓာကိုယ်တွင်း၊ ကိုယ်ပရောင်ရမ်းမှုကို ၆၃ ရာခိုင်နှုန်းအထိ ကျဆင်းစေကြောင်း၊ အရိုးအဆစ်ရောင်နာအမျိုးမျိုး၊ အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက် ကြွက်သားရောင်ရမ်းမှုများ၊ မုန့်ချိုအိတ်နှင့် တစ်သျှူးများရောင်ရမ်းမှုတို့ကို ပျောက်ကင်းစေနိုင်ကြောင်း လေ့လာသိရှိရသည်။

### ကြက်သွန်မြိတ်

Spring Onion ခေါ် ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်သော ကြက်သွန်မြိတ်သည် နိုင်ငံတကာရိုးရာအစားအစာများတွင် အလွန်အရေးပါသော ကဏ္ဍမှနေရာယူလျက်ရှိသည်။ ကြက်သွန်မြိတ်သည် အရသာရှိရုံသာမက လူသားတို့ကျန်းမာရေးကိုများစွာအထောက်အကူပြုသည်။ တရုတ်ရိုးရာ တိုင်းရင်းဆေးဝါးများတွင် အသုံးပြုကြသည်။ ကြက်သွန်မြိတ်သည် ကြက်သွန်နီကဲ့သို့ပင် ဆာလ်ဖာဓာတ်မြင့်မားစွာပါရှိသည်။ ထို့ပြင် ဗီတာမင် A၊ ဗီတာမင် B2၊ ဗီတာမင် C၊ ဗီတာမင် K၊ သီအာမင်၊ ကော့ပါး၊ မီးစုန်း၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်၊ ခရိုမီယမ်၊ မဂ္ဂနိစ်နှင့်ကြေပျက်လွယ်သောအမျှင်ဓာတ်တို့ စုဝေးရာ အရင်းအမြစ်ဖြစ်သည်။ ကယ်လိုရီနည်းပါးပြီး အလွန်အာဟာရဖြစ်စေသော ဟင်းရွက်တစ်မျိုးဖြစ်သည်။

ကိုလက်စထရောကျစေခြင်း၊ သွေးဖိအားကိုကျစေခြင်းနှင့် သွေးခဲခြင်းပြဿနာတို့ကို ကာကွယ်ပေးနိုင်သဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါအမျိုးမျိုးတို့ကို ပျောက်ကင်းသက်သာစေသည်။ အအေးမိ၍ နှာစေး၊ ချောင်းဆိုးခြင်းနှင့် အပူဖျား၊ အအေးဖျား စသည့်ရာသီဖျားတို့ကိုလည်း တိုက်ထုတ်ပေးနိုင်စွမ်းရှိသည်။ ကိုယ်ခံစွမ်းအား တိုးတက်ကောင်းမွန်စေသည်။ လည်ချောင်းနာ ဝေဒနာများအတွက် ကြက်သွန်မြိတ်ကို ခပ်သေးသေးလှီး၍ ချင်း၊ ဆားအနည်းငယ်တို့ဖြင့်ရောကာ အဝတ်ပါးပါးအိတ်ငယ်တစ်ခုထဲထည့်ပြီး အပူငွေ့ပေးပါ။ ထိုအပူငွေ့ပေးထားသော အဝတ်အိတ်ပါးကို လည်ချောင်းတစ်ဝိုက်တွင် အသာအယာဖိကပ်ပေးခြင်းဖြင့် လည်ချောင်းနာကျင်မှုကို သက်သာစေပါသည်။

ပေါက်ပေါက်

(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၂၀၊ ၂၁၊ ၂၂ )ရက် နေပြည်တော်


# တောင်တွင်းကြီးမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ



**တောင်တွင်းကြီး နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးသူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ အမျိုးသားနေ့အကြောင်းသိရှိစေရန်နှင့်ကျောင်းသင်ခန်းစာများအပြင် စာပေလေ့လာဖတ်ရှုခြင်း အလေ့အထများဖြစ်စေရန်၊ စာဖတ်ခြင်းအကျိုးကျေးဇူးများသိစေရန် ရည်ရွယ်၍ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာလ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အမျိုးသားအောင်ပွဲနေ့အကြောင်း ပိုမိုသိရှိပြီး ငယ်ရွယ်စဉ်အခါကပင် စာအုပ်စာပေများဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားစေကာ ဘဝတစ်လျှောက်လုံးအောင်မြင်မှုများရရှိကြစေရန်ရည်ရွယ်၍ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်ကဗျာရွတ်ဆိုပြိုင်ပွဲကို တောင်တွင်းကြီးမြို့နယ်အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးက အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကဗျာများဖြင့် ရွတ်ဆိုယှဉ်ပြိုင်ကြကြောင်းသိရသည်။ **နောင်နောင်(ဗိုလ်သနိုးမြေ)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနှီးနှောဖလှယ်ပွဲနှင့် မြန်မာနိုင်ငံငှက်ဖျားရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ကူးစက်ရောဂါများကာကွယ်ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနှီးနှောဖလှယ်ပွဲနှင့် မြန်မာနိုင်ငံငှက်ဖျားရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dali မြို့၌ နိုဝင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ဗဟိုကူးစက်) ဒေါက်တာထွန်းတင်တို့ တက်ရောက်ကြသည်။

အဆိုပါနှီးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲတွင် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ အခြားအပူပိုင်းကူးစက်ရောဂါများနှင့် တီဘီရောဂါစသည့်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ၊ သုတေသနဆိုင်ရာ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များ လေ့ကျင့်မွေးထုတ်မှုဆိုင်ရာ၊ နှစ်နိုင်ငံတက္ကသိုလ်များအကြား သင်ကြားရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များအပြင် အတတ်ပညာနှင့် နည်းပညာဆိုင်ရာ အကူအညီရရှိရေးတို့နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

၁၉-၁၁-၂၀၂၄

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

## ပြည်တစ်ခွင်လုံး ရွှင်ပြုံးအောင်ပွဲ

❑ မိုးဆီကိုဖောက်၊ တိုးမပေါက်အောင်
မြင့်မောက်တောင်များ၊ ကာဆီးထားလည်း
အောင်ပွဲကိုယူ၊ ကိုယ့်ပြည်သူတွက်
မပြုတက်လှမ်း၊ ရွက်ထမ်းနိုင်အောင်
ပြည်ကျိုးဆောင်မည် သားဇာနည်။

❑ လျှိုမြောင်တောချောက်၊ ကာဆီးထောက်၍
ထိုးဖောက်နက်နဲ၊ လွန်ခက်ခဲလည်း
စွန့်ရဲ လှံ့လ၊ ဝီရိယနှင့်
မိဘပြည်သူ၊ ကြည်ဖြူရွှေ့ရေး
ဆောင်ယူပေးမည် သားဇာနည်။

❑ မုန်တိုင်းမိုးသက်၊ ထိုးနှက်တိုက်ဆင်
ပင်လယ်ပြင်ထက်၊ ဖောင်လှေပျက်တိုင်
မယိုင်မလဲ၊ သတ္တိဇွဲလျှမ်း
အောင်ပန်းယူမည် သားဇာနည်။

❑ ပြည်ရွာမျိုးဖျက်၊ အန်တုချက်ကြောင့်
အသက်ခန္ဓာ၊ ကြေပျက်ပါစေ
မသွေမပျက်၊ ဘယ့်တွက်ငဲ့ထောက်
မကြောက်မရွံ့၊ နောက်မတွန့်စတမ်း
အောင်ပန်းယူမည် သားဇာနည်။

❑ တို့ပြည် တို့မြေ၊ တို့ ရေ လေ နယ်
ကာကွယ်သွက်လက်၊ တက်တက်ကြွကြွ
ထမ်းရွက်ကြလျက်၊ အဖျက်ကင်းစင်
ပြည်တစ်ခွင်လုံး၊ ရန်ချေမှုန်း၍
ရွှင်ပြုံးအောင်ပွဲ၊ ဆင်နွှဲမည်။
စည်းစည်းလုံးလုံး ပေါင်းရုံးချီ။
ငါတို့မြန်ပြည် ကမ္ဘာတည်။ ။

**အကျော်ပင်**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၁၁-၂၀၂၄ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ | ၁၁:၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၂။ | ၀၇:၁၅ | မေတ္တာပို့ | ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၃။ | ၀၇:၂၀ | ဓမ္မပူဇာတေး | | | |
| ၄။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၀။ | ၁၈:၄၅ | **Movies and Movies** |
| ၅။ | ၀၉:၄၅ | Sharing Knowledge | ၁၁။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၃/၄)** |
| ၆။ | ၀၉:၅၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | | |
| ၇။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | | |

# ယခုဘဏ္ဍာနှစ်အတွင်း စတုမုခထူပါရုံစေတီတော်မြတ်ကြီး ကမ်းပြိုကမ်းထိန်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ၂၀ ရာခိုင်နှုန်းခန့်ပြီးစီး



လေးမျက်နှာ နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ စတုမုခထူပါရုံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ရေးအတွက် ကမ်းပြိုကမ်းထိန်းခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်၏ ၂၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

စတုမုခထူပါရုံ စေတီတော်မြတ်ကြီးသည် ငဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများဖြစ်ပွားပြီး ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်အထိ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကမ်းပြိုကမ်းထိန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့် နှစ်ရှည်စီမံကိန်းချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

"စတုမုခထူပါရုံစေတီတော်မြတ်ကြီးက ငဝန်မြစ်ဘေးမှာတည်ရှိပါတယ်။ ငဝန်မြစ်ရေတိုက်စားမှုကြောင့် စေတီတော်မြတ်ကြီးမှာရှိတဲ့ ရှေးဟောင်းသာသနိကအဆောက်အအုံတွေ ပြိုကျပျက်စီးတဲ့အထိ ဖြစ်လာပါတယ်။ ဒါကြောင့် သုံးနှစ်စီမံကိန်းနဲ့ ဆောင်ရွက်နေတာဖြစ်ပြီး ဒီဘဏ္ဍာနှစ်ဆိုရင် လုပ်ငန်းဆောင်ရွက်နေတာ ဒုတိယနှစ်ဖြစ်ပါတယ်။ ဒီဘဏ္ဍာနှစ်ဆောင်ရွက်မယ့်လုပ်ငန်းတွေက လက်ရှိမှာ ၂၀ ရာခိုင်နှုန်းလောက် ဆောင်ရွက်ပြီးစီးနေပါပြီ။ ဒီဘဏ္ဍာနှစ်အတွက် လျာထားတာတွေကို ဘဏ္ဍာနှစ်မကုန်ခင် ပြီးစီးအောင်ဆောင်ရွက်မှာပါ" ဟု ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးအောင်လင်းကပြောသည်။

ကွေ့ကောက်စီးဆင်းနေသော ရေလမ်းကြောင်းကြောင့် ရေတိုက်စားမှုဖြစ်ပေါ်နေခြင်းဖြစ်ပြီး ရေလမ်းကြောင်းပြောင်းလဲရန် ရေလွှဲရေကာတာတည်ဆောက်ခြင်းအပါအဝင် လုပ်ငန်းကိုးခုကို ယခုဘဏ္ဍာနှစ်တွင် ရန်ပုံငွေ ငွေကျပ် ၈ ဒသမ ၂၅ ဘီလီယံဖြင့် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ စတုမုခထူပါရုံစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ရေးအတွက် ကမ်းပြိုကျမှုများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြစ်၊ ချောင်း၊ အင်း၊ အိုင်များပေါများကာ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများလည်း နှစ်စဉ် တွေ့ကြုံရသောဒေသဖြစ်သည်။

ထိုသို့ ကမ်းပြိုမှုများကြောင့် ရှေးဟောင်းသာသနိကအဆောက်အအုံများ၊ ကျေးရွာမြေများနှင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးမှုမှကာကွယ်နိုင်စေရန် ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

---

# အခြေခံမုန့်ဖုတ်နည်း သင်တန်းဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)၌ အခြေခံမုန့်ဖုတ်နည်းသင်တန်း ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများအနေဖြင့် လျှောက်ထားနိုင်ကြောင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ သိရသည်။

အဆိုပါ အခြေခံမုန့်ဖုတ်နည်းသင်တန်းကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD) အမှတ်(၄၀/၄၂) ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ်၌ ဒီဇင်ဘာလ ၃ ရက်မှ ၃၁ ရက်အထိ တနင်္လာနေ့မှ သောကြာနေ့ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများသည် အခြေခံပညာအလယ်တန်းအောင်မြင်ပြီး အသက် ၁၈ နှစ်ပြည့်၍ အသက် ၄၀ နှစ်ထက်မကြီးသူ၊ သင်တန်းကာလ မပျက်မကွက် တက်ရောက်နိုင်သူဖြစ်ပြီး လက်ရှိ သင်တန်းတက်နေသူ၊ အလုပ်လုပ်နေသူမဖြစ်ရဟု သတ်မှတ်ထားသည်။

သင်တန်းလျှောက်ထားလိုသူများအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ဖုန်း-၀၁-၈၃၇၇၅၅၉ နှင့် ၀၁-၈၂၅၁၈၅၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ လျှောက်လွှာများကို နိုဝင်ဘာလ ၂၂ ရက် နောက်ဆုံးထားလျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

---

# မလှိုင်မြို့နယ် ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မလှိုင် နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချနိုင်စေရန် ရည်ရွယ်၍ ခြောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို နိုဝင်ဘာလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၄ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ခြောက်ခွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးအတွက် ငွေကျပ် ၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ဦးအတွက် ငွေကျပ် ၂၂ ဒသမ ၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ် ၄ ဒသမ ၂ သန်း စုစုပေါင်း ၉၅ ဦးအတွက် ငွေကျပ် ၃၄ ဒသမ ၅ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

---

# မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်စိုက်ပျိုးထားသော မိုးစပါးစိုက်ကေများ အောင်မြင်ဖြစ်ထွန်း

မိတ္ထီလာ နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ယခုဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသော မိုးစပါးစိုက်ကေများ အောင်မြင်ဖြစ်ထွန်းကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်ရှိ ဒေသခံတောင်သူများသည် မိုးစပါးကို ဆည်ရေ၊ ကန်ရေသောက်စနစ်ဖြင့်လည်းကောင်း၊ ဆည်ရေ၊ ကန်ရေမရသည့်ဒေသများ၌ မိုးကောင်းသောက်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ကေ ၁၃၀၆၁ ကေ စိုက်ပျိုးရန်လျာထားပြီး ဩဂုတ်လပထမပတ်မှစတင် စိုက်ပျိုးလျက်ရှိသည်။ ယင်းသို့ စိုက်ပျိုးရာတွင် မိုးစပါးကို ပျိုးထောင်စိုက်ပျိုးသည့်စနစ်၊ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသည့်စနစ်များဖြင့် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မနောသုခ၊ ဆင်းသုခ စပါးများကို အဓိက စိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် မိုးစပါးစိုက် ကေ ၉၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစိုက်ကေများအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ထမုန်ကန် ကျေးရွာအုပ်စု၌ စိုက်ကေ ၁၀၀၊ တောမကျေးရွာအုပ်စု၌စိုက်ကေ ၁၀၀၊ ခင်လူးကျေးရွာအုပ်စု၌ စိုက်ကေ ၅၀၊ ရှမ်းတဲကျေးရွာအုပ်စု၌ စိုက်ကေ ၃၀၊ ကဖြူကျေးရွာအုပ်စု၌ စိုက်ကေ ၅၀၊ ဇောင်းချမ်းကုန်းကျေးရွာအုပ်စု၌ စိုက်ကေ ၃၀၊ မကျီးစုကျေးရွာအုပ်စု၌ စိုက်ကေ ၄၀၊ လျှော်ဖြူကန်ကျေးရွာအုပ်စု၌ စိုက်ကေ ၅၀ နှင့် ကွက်ကျေးရွာအုပ်စု၌ စိုက်ကေ ၁၅၀ စုစုပေါင်း စိုက်ကေ ၆၀၀ ကို စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

**(၆၀၂)**



## လူမှုစီးပွားမြှင့်တင်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၇ / ၂၀၂၄ )**
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

**လူမှုစီးပွားမြှင့်တင်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ (၂၈)လမ်း (မြောက်ဘက်)၊ အောင်သာယာရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လူမှုစီးပွားမြှင့်တင်ရေးပါတီ**ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လူမှုစီးပွားမြှင့်တင်ရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၅၄ ) ဖြစ်ပါသည်။

**( ပုံ ) ကိုကို**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## သမဝါယမအသင်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သမဝါယမအသင်းအမှုဆောင်များအတွက် သမဝါယမအသင်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုသင်တန်းတွင် သမဝါယမအသင်းများ နည်းစနစ်မှန်ကန်စွာရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန်အချက်များ၊ နေကြာသီးနှံအား ရှုရှားမြေသြဇာသုံးစွဲ၍ စိုက်ပျိုးနည်းစနစ်များ၊ မိုးစပါး၊ ဝါ၊ နေကြာသီးနှံများအတွက်နှုန်းတိုးတက်ပြီး ပန်းတိုင်ရည်မှန်းချက်ရရှိရေးအတွက် စနစ်တကျဆောင်ရွက်ရန်အချက်များ၊ သမဝါယမအသင်းစာရင်းဇယားများ စနစ်တကျရှိစေရန်နှင့်ဘဏ္ဍာငွေများစနစ်တကျထိန်းသိမ်းတတ်စေရန်၊ စာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းစစ်ဆေးခြင်း စသည့်သမဝါယမပညာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ သင်တန်းသား ၉၆၉ ဦးတို့က စာတွေ့လက်တွေ့သင်ယူခြင်းစနစ်၊ Online စနစ်တို့ဖြင့် နိုဝင်ဘာလ ၁၈ ရက်မှ ၂၁ ရက်အထိ လေ့လာသင်ယူသွားကြမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

## Naypyitaw State Polytechnic University ဖွင့်လှစ်နိုင်ရေး သင်ထောက်ကူ ပစ္စည်းများစီစဉ်ထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Naypyitaw State Polytechnic University ကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့သည် ယနေ့နံနက်ပိုင်းတွင် Polytechnic University ဖွင့်လှစ်နိုင်ရေး သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးများသည် Naypyi-taw State Polytechnic University ရှိ Theatre ခန်းများ၊ စာသင်ခန်းများ၊ ICT နည်းပညာများကို အသုံးပြု၍ LMS စနစ်ဖြင့် သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်မည့် အခြေအနေ၊ အလုပ်ရုံနှင့် ဘာသာရပ်ဌာနအလိုက် သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပုဗ္ဗသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု တံတားကြီးကျေးရွာအတွင်း ရေဝပ်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် နေပြည်တော်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (တည်ဆောက်ရေး-၅)မှ ဆောင်ရွက်သည့် ကျေးရွာရေဆိုးထုတ်မြောင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကွင်းအမှတ် ၁၇၄၃ တွင် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးပျက်စီးဧကများအား နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ စက်ယန္တရားများဖြင့် ဆောင်းသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် မြေပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး အဆိုပါကွင်းအတွင်းရှိ ယာယီရှင်းလင်းဆောင်၌ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများအနေဖြင့်သီးနှံများကိုပန်းတိုင်အထွက်နှုန်းထွက်ရှိစေရေးနှင့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးစေလိုကြောင်း ပြောကြားကာ တောင်သူများကို ဆောင်းသီးနှံ မတ်ပဲ၊ ပဲပုပ်နှင့် နေကြာမျိုးစေ့များကို ထောက်ပံ့ပေးအပ်ကြပြီး တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ရုံးပင် - အေးချမ်းသာ ကျေးရွာချင်းဆက်လမ်း စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ လမ်းပျက်စီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက်ပုဗ္ဗသီရိမြို့နယ်နေပြည်တော် ဘုတာကြီးရှေ့ သီရိမဏ္ဍိုင်လမ်းမပေါ်တွင် လမ်းလယ်ကျွန်း လမ်းဘေးဝဲ/ယာ၌ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ သီရိမဏ္ဍိုင်လမ်းနှင့် ရာဇသင်္ဂဟလမ်းဆုံ မီးပွိုင့်အနီး ရာဇသင်္ဂဟလမ်းမပေါ်နှင့် လမ်းလယ်ကျွန်းများ၊ လမ်းဘေးဝဲ/ယာများတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ မြေယာရှင်းအလှဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။



(သတင်းစဉ်)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုကို ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် မိုးကြိုးလွှဲတပ်ဆင်ဆောင်ရွက်ခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှေးဟောင်းအဆောက်အအုံ အမှတ် (၂၀၇) တိသဘုရားနှင့် ရှေးဟောင်းအဆောက်အအုံအမှတ်(၂၁၁)တို့ကို ဘုရားဖူးညှော့သည်များ လွယ်ကူစွာဖူးမြော်နိုင်ရေး ဘုရားဖူးဝင်လမ်း၊ ထွက်လမ်း လမ်းဖောက်မည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရာဂိမုန်တိုင်းကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်မှုရှိခဲ့သော ဝတ္ထုနတောဘုရားစုရှိ ရှေးဟောင်းအဆောက်အအုံအမှတ် (၃၄၅) ပြန်လည်ပြုပြင်ထိန်းသိမ်းထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှေးဟောင်းအဆောက်အအုံအမှတ် (၃၇၄) အလိုတော်ပြည့်ဘုရားကို ဖူးမြော်ကြည်ညို၍ မိုးကြိုးလွှဲတပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ ဇေယျာ D ရှိဘုရားအပေါ်ပိုင်းနှင့် ဘေးပတ်လည် ဘုရားလိုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းဘေးဝဲယာရှိဘုရားများတွင် ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရှေးဟောင်းအဆောက်အအုံအမှတ်(၂၃၅) သိကြားပုန်းဘုရားသို့ ရောက်ရှိပြီး ဘုရားလိုဏ်အတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ကားရပ်နားရန်နေရာအား မြေသားနေရာထပ်မံတိုးချဲ့ခြင်းလုပ်ငန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည့် သိကြားပုန်းဘုရား ချဉ်းကပ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။(၅၀၀)

# အာဆီယံခရီးသွားလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ကမ္ဘာလုံးဆိုင်ရာရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကွန်ဖရင့်နှင့် အာဆီယံအပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

စင်ကာပူနိုင်ငံ၌ နိုဝင်ဘာလ ၁၃ ရက်မှ ၁၅ ရက်အထိ ကမ္ဘာလုံးဆိုင်ရာရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကော်မရှင်မှ ဦးဆောင်ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကွန်ဖရင့်နှင့်ဆက်စပ်၍ စင်ကာပူနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံအပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

နိုဝင်ဘာလ ၁၃ ရက်တွင် စင်ကာပူနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ရုံး၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ အဓိက ခရီးသွားဈေးကွက်နိုင်ငံများနှင့် အနာဂတ်မျှော်မှန်းချက်၊ အာဆီယံခရီးသွားလုပ်ငန်းကဏ္ဍ မဟာဗျူဟာ ၂၀၃၀ ရေးဆွဲရာတွင်ကမ္ဘာ့ခရီးသွားလုပ်ငန်းအလားအလာများအရ အနာဂတ်အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များတွင် ထည့်သွင်းလျာထားဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးကြသည်။

နိုဝင်ဘာလ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကွန်ဖရင့်ကို ဆက်လက်ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု၊ လူမှုအဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Alvin Tan နှင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း ကော်မရှင်ဥက္ကဋ္ဌ Mr. Luigi Cabrini တို့ တက်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံနှင့် နိုင်ငံတကာမှ စိတ်ပါဝင်စားသူကိုယ်စားလှယ် ၅၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါကွန်ဖရင့်တွင် နိုင်ငံတကာမှ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခရီးသွားလုပ်ငန်းများနှင့် ခရီးစဉ်ဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးစံနှုန်းများ ရေးဆွဲသတ်မှတ်ထားမှု၊ ကဏ္ဍအလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် ပါဝင်သက်ဆိုင်သူများ စုပေါင်းဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုဝင်ဘာလ ၁၅ ရက် မွန်းလွဲပိုင်းက အာဆီယံအပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးအစီအစဉ်သို့ ဆက်လက်ပါဝင်တက်ရောက်ခဲ့ပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းများအနက် အပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်သင့်သည့်အခြေအနေ၊ အပျော်စီးသင်္ဘောခရီးသွားလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်အသုံးပြုမှုလျှော့ချရေးအစီအစဉ်များ ထည့်သွင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် Marina Bay Cruise Centre Singapore နှင့် Singapore Cruise Centre အပျော်စီးသင်္ဘောဆိပ်များသို့ သွားရောက်ခဲ့ပြီး စင်ကာပူနိုင်ငံသို့ ဝင်/ထွက်သွားလာရာတွင် လွယ်ကူအဆင်ပြေအောင် ဝန်ဆောင်မှုပေးနေမှုလုပ်ငန်းစဉ်များကို လေ့လာခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ခရိုင်အဆင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့် အဆင့်မြင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မီးသတ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံမြို့သစ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပါက သန္နမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များမှစည်းလုံးညီညွတ်စွာ လူစွမ်းအား၊ ယာဉ်စက်စွမ်းအား၊ နည်းပညာစွမ်းအားဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းပါးစေရေးအတွက် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သင်တန်းသားများမှ ပြည်သူလူထုအား ထိရောက်စွာ ပညာပေးဆောင်ရွက်တတ်စေရန်၊ အဆင့်မြင့် မီးသတ်ယာဉ်များ၏ စွမ်းအားကို သိရှိ၍ အထပ်မြင့်မီးငြိမ်းသတ်ရေး၊ စက်ရုံ၊ အလုပ်ရုံမီးငြိမ်းသတ်ရေးနှင့် ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများတွင် တွေ့ကြုံရမည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ မြို့နယ်များမှသန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပရဟိတအသင်းအဖွဲ့များမှသင်တန်းသား ၅၀ ဦးဖြင့် နိုဝင်ဘာလ ၁၈ ရက်မှ ၂၉ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာဖွင့်လှစ်လေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရုံခ

# အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်တွင် မြန်မာအသင်းက ထိုင်းအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၁၈

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းနှင့် ထိုင်းအသင်းတို့ ကစားခဲ့ရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်ပထမပိုင်းတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းအနေဖြင့် ထိုင်းအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ကာ ထိုင်းအသင်း ၂ ဂိုးသွင်းယူနိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းအနေဖြင့် ၁ ဂိုးသာသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ထိုင်းအသင်းက မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းအတွက်တစ်လုံးတည်းသောသွင်းဂိုးကို ယွန်းမီမီလွင်က သွင်းယူပေးနိုင်ခဲ့သည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းသည် အုပ်စုသုံးပွဲကစားပြီးချိန်တွင် ဖိလစ်ပိုင်အသင်းနှင့်ပွဲစဉ်တွင် ၂ ဂိုးစီသရေရလဒ်၊ ဗီယက်နမ်အသင်းနှင့်ပွဲစဉ်တွင် ၅ ဂိုး ၂ ဂိုး၊ ထိုင်းအသင်းနှင့်ပွဲစဉ်တွင် ၂ ဂိုး ၁ ဂိုးဖြင့်ရှုံးနိမ့်ထားပြီး နိုင်ပွဲပျောက်ဆုံးနေဆဲဖြစ်ပြီး အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာလ ၁၉ ရက် **(ယနေ့)** မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ဆက်လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

# အနာဂတ်တွင် တိုင်းပြည်၏တာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်လေးများ

ကလေးများသည် အနာဂတ်တွင် တိုင်းပြည်၏ တာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူကြရမည့် အနာဂတ်၏မျိုးဆက်သစ်များဖြစ်သည်။ ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်အားပုံဖော်ရာတွင် အလွန်အရေးကြီးသောကြောင့် ကလေးငယ်များသည် နိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သော လူသားအရင်းအမြစ်များဖြစ်သည်။ ကလေးသူငယ်များ၏ လက်ရှိအခြေအနေသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်၊ စီးပွားရေး၊ လူမှုရေး၊ ရုပ်ဝတ္ထု/စိတ်ပိုင်းဆိုင်ရာ အတက်/ အကျအနိမ့်အမြင့်ကို ညွှန်းဆိုနိုင်သောကြောင့် ကလေးများကို ကောင်းမွန်စွာပြုစုပျိုးထောင်ရန်အလွန်အရေးကြီးသည်။ ကလေးများသည် တိုင်းပြည်၏အနာဂတ်ဖြစ်သည်ကို အားလုံးလက်ခံထားသကဲ့သို့ တိုင်းပြည်တစ်ခု၏ ပစ္စုပ္ပန်အကျိုးသည် လူကြီးများလက်ထဲတွင်ရှိပြီး အနာဂတ်အကျိုးသည် ကလေးများ၏ လက်ထဲတွင်ရှိသည်သာဖြစ်သည်။

ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာစေရန် အခြေခံအခွင့်အရေးများကို ဖြည့်ဆည်းပေးခြင်းဖြင့် ကျန်းမာ၍ပညာသင်ယူခွင့်ရှိသော ပြည့်စုံသောဘဝများဆီသို့လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကလေးများအတွက် အခြေခံအခွင့်အရေးများရရှိစေရေး ဆောင်ရွက်ရန်မှာ နိုင်ငံတော်အစိုးရသာမက ပြည်သူများ၊ မိဘများ၊ မိသားစုဝင်များနှင့် ရပ်ရွာလူထုများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ ကလေးသူငယ်များ၏အခွင့်အရေးများအား အပြည့်အဝဖော်ဆောင်ပေး၊ နှိုးဆော်ပေးရန်အတွက် နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းကျင်းပလေ့ရှိပါသည်။

**ကမ္ဘာ့ကလေးများနေ့ဖြစ်ပေါ်လာပုံ**

ကမ္ဘာပေါ်ရှိကလေးများ၏အနာဂတ်ပိုမိုတောက်ပနိုင်စေရေး၊ ကလေးများအား ကာကွယ်မှုအပြည့်အဝပေးနိုင်ရေး၊ ကလေးများ၏အခွင့်အရေးများ ပိုမိုရရှိစေနိုင်ရေး၊ ကလေးများရင်ဆိုင်ကြုံတွေ့ရတတ်သည့်အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေး တို့ကိုရည်ရွယ်၍ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ် ၈၃၆(၉) ကိုချမှတ်ပြီး ကမ္ဘာ့ကလေးများနေ့ကို ကမ္ဘာတစ်ဝန်းတွင် သတ်မှတ်ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးများ၏ အနာဂတ်ပိုမိုတောက်ပနိုင်စေရေး၊ ကလေးများအားကာကွယ်မှုအပြည့်အဝပေးနိုင်ရေး၊ ကလေးများ၏ အခွင့်အရေးများ ပိုမိုရရှိစေနိုင်ရေး၊ ကလေးများ ရင်ဆိုင်ကြုံတွေ့ရတတ်သည့်အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေး တို့အတွက်ရည်ရွယ်၍ နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့ကို "ကမ္ဘာ့ကလေးများနေ့" (World Children's Day) အဖြစ် ကျင်းပလျက်ရှိသည်။ ထိုနေ့သည် ၁၉၅၉ ခုနှစ်နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ကုလသမဂ္ဂအထွေထွေညီလာခံက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း (Declaration of the Rights of the Child) နှင့် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nations Convention on the Rights of the Child) တို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းတို့ကို ကိုယ်စားပြုထားခြင်းလည်းဖြစ်သည်။

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ**

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRC)ကို ၁၉၉၁ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ကာ ကမ္ဘာ့ကလေးများနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်။ ကလေးသူငယ်များ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

ထိုဥပဒေ၏ရည်ရွယ်ချက်မှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကိုဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေး အပါအဝင် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရန်၊ လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များအား နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊ ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သောကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်နှင့် ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့်အကာအကွယ်တို့ တန်းတူညီမျှမှုရှိစေပြီး ခွဲခြားဆက်ဆံခြင်းမပြုစေရန်တို့ဖြစ်သည်။

**အနာဂတ်၏အကောင်းဆုံးမျှော်လင့်ချက်**

ကမ္ဘာကြီး၏ အနာဂတ်ကို အကောင်းဆုံးမျှော်လင့်ပါက ကလေးသူငယ်များနှင့် လူငယ်များကို အဓိကထားရန် လိုအပ်ပေသည်။ ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုး တိုးတက်မှသာလျှင် နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေပေသည်။ ကလေးသူငယ်များသည် ဆင်းရဲမွဲတေမှု၊ အာဟာရချို့တဲ့မှု၊ ပညာရေးလက်လှမ်းမမီမှု၊ ကလေးလုပ်သား၊ အရွယ်မတိုင်မီ ထိမ်းမြားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု စသည်ဖြင့် စိန်ခေါ်မှုများရှိနေသည်ဖြစ်ရာ ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်သည်များ ဖန်တီးလုပ်ဆောင်ပေးကြမှသာလျှင် အနာဂတ်ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကောင်းကျိုးချမ်းသာများ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

ကလေးတစ်ယောက်ဆိုသည်မှာ ဥပဒေအရ အသက်အပိုင်းအခြား ကန့်သတ်ထားခြင်းမရှိလျှင် အသက်ဆယ့်ရှစ်နှစ်အောက်ရှိမည်သည့်လူသားမဆို ကလေးဖြစ်သည်။ ကလေးတို့သည် မသိနားမလည်ကြပါ။ ကလေးတို့သဘာဝသည် သူတို့လုပ်ချင်သည့်အရာကိုသာ စိတ်ဝင်စားကြသည်။ ကလေးများတွင် မိမိတို့ပတ်ဝန်းကျင်ရှိ ဆိုးရွားသောဖြစ်ရပ်များအပေါ် တုံ့ပြန်မှုအမျိုးမျိုး ရှိကြသည်။ ယဉ်ကျေးမှုများကလည်း စိတ်ခံစားမှုများကိုဖော်ပြသည့် နည်းလမ်းများအပေါ် လွှမ်းမိုးမှုရှိသည်။ သို့သော်ကလေးများသည် သူတို့အားနားလည်အောင်ပြောလျှင် နားထောင်ကြပြီး နားထောင်ချင်အောင်ပြောလျှင် နားထောင်ကြသည်။ ကလေးငယ်များသည် မြင်လွယ်တတ်လွယ်သည်။ ကလေးသူငယ်များသည် အဖြူရောင်စက္ကူလေးများနှင့် အလားသဏ္ဌာန်တူသည်။ အဖြူရောင်စက္ကူအား အရောင်ဆိုးလိုက်လျှင် အရောင်ပြောင်းသွားသကဲ့သို့ ကလေးငယ်များသည်လည်း ပတ်ဝန်းကျင်၊ မြင်တွေ့နေကျအခင်းအကျင်းများကို လိုက်၍ပြောင်းလဲတတ်သောသဘာဝရှိသည်။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး ဆိုသကဲ့သို့ပင်ဖြစ်သည်။ ကလေးငယ်များသည် အဖြူစင်ဆုံးသောသူများဟု လူတိုင်းကသတ်မှတ်ထားကြသလို ကလေးငယ်တို့အား မြေတောင်မြှောက်ပေးခြင်းအမျိုးမျိုးသည် လူကြီးတို့၏တာဝန်ပင်ဖြစ်သည်။ ထို့ပြင် ကလေးသူငယ်တို့အတွက် ကောင်းမွန်သော အခြေအနေကောင်းနှင့် ပတ်ဝန်းကျင်ကောင်းကို ပြင်ဆင်ပေးရန် လိုအပ်သည်။

**ခြွင်းချက်မရှိ ချစ်ခြင်းမေတ္တာ၏ပံ့ပိုးမှု**

ကလေးများကို ပြုစုပျိုးထောင်ခြင်းသည် ယဉ်ကျေးမှု၊ တန်ဖိုးထားမှုများနှင့်ကိုယ်ပိုင်ယုံကြည်ချက်များဖြင့် ပုံဖော်ထားသောအလုပ်ဖြစ်သည်။ ကလေးများကို လုံခြုံပြီးချစ်ဖို့လိုအပ်သည်။ ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာသည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ကိုယ့်ကိုယ်ကိုယ်တန်ဖိုးရှိပြီး လုံခြုံမှုကိုခိုင်မာစေသည်။ ကလေးများကို ၎င်းတို့၏ စိတ်ခံစားချက်များအား ခွဲခြားသိမြင်နားလည်ပြီး ထိန်းညှိတတ်အောင် သင်ပေးရမည်။ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးကို စံနမူနာပြခြင်းသည် ၎င်းတို့အား စာနာမှု၊ ခံနိုင်ရည်ရှိမှုနှင့် လူမှုဆက်ဆံရေးစွမ်းရည်များတိုးတက်စေရန် ကူညီပေးနိုင်သည်။ ကလေးများကို ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများနှင့် စည်းမျဉ်းများသတ်မှတ်ခြင်းသည် ၎င်းတို့မျှော်လင့်ထားသည့်အရာနှင့် လုပ်ဆောင်ချက်များအတွက် အကျိုးဆက်များကို နားလည်ရန်ကူညီပေးသည်။ ကလေးငယ်များကို သူတို့ကိုယ်တိုင် စဉ်းစားဖို့၊ ဆုံးဖြတ်ချက်ချဖို့၊ သူတို့ရဲ့လုပ်ရပ်တွေအတွက် တာဝန်ယူဖို့အားပေးရမည်။ ၎င်းသည် ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်နှင့် အသိဉာဏ်ကိုတိုးတက်စေသည်။ ထို့ပြင် တခြားသူများအား လေးစားစွာဆက်ဆံတတ်ရန် သင်ပေးရမည်။ သိချင်စိတ်ပြင်းပြမှုနှင့် စူးစမ်းရှာဖွေမှုကိုအားပေးခြင်းဖြင့် သင်ယူမှုကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရမည်။ ကလေးများသည် မေးခွန်းများမေးရန်၊ စိတ်ကူးသစ်များရှာဖွေရန်နှင့် ၎င်းတို့၏စိတ်ဝင်စားမှုများကို လိုက်စားရန် အားပေးရမည်။ အလုပ်ကြိုးစားမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို ကလေးများအား သင်ပေးရမည်။ အသက်အရွယ်အလိုက် သင့်လျော်သော အိမ်မှုကိစ္စများပေး၍ ၎င်းတို့၏ လုပ်အားများကို ချီးမွမ်း၍အားပေးရမည်။ ထို့ပြင် ကလေးများအား ကြင်နာမှုနဲ့ စာနာတတ်ဖို့သင်ပေးပြီး ရပ်ရွာကို အကျိုးပြုဖို့ အရေးကြီးကြောင်းသင်ပေးရမည်။ ကလေးတစ်ဦးစီသည် ထူးခြားပြီး တစ်ဦးအတွက် လုပ်ဆောင်သည့်အရာသည် အခြားတစ်ဦးအတွက် အလုပ်မဖြစ်နိုင်ပါ။ ကလေးတစ်ယောက်၏ စိတ်နေစိတ်ထားနှင့်ဖွံ့ဖြိုးမှုအဆင့်လိုက်လျောညီထွေဖြစ်စေရန် မိဘအုပ်ထိန်းမှုပုံစံကို ချိန်ညှိခြင်းဖြင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ရပါမည်။

ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝအကောင်အထည်ဖော်ပြီး မှန်ကန်သောပြုစုပျိုးထောင်ခြင်းဖြင့် နိုင်ငံတော်၏အနာဂတ်ကို အလှဆင်ရန်လိုအပ်သည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့် အတိုင်း နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် နောင်တစ်ချိန်တွင် လူကြီးဖြစ်လာမည့် ကလေးများအပေါ်တွင် အများကြီးမူတည်နေသည်။ ထို့ကြောင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတိုးတက်ကောင်းမွန်ပြီး ပျော်ရွှင်စရာကောင်းသော ကမ္ဘာကြီးဖြစ်အောင် ဖန်တီးပေးရန်မှာ အလွန်အရေးကြီးကြောင်းကို တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> ○ ကမ္ဘာကြီး၏အနာဂတ်ကို အကောင်းဆုံးမျှော်လင့်ပါက ကလေးသူငယ်များနှင့် လူငယ်များကို အဓိကထားရန်လိုအပ်၊ ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေ . . .

**ကိုဘုန်း(ထုတ်လုပ်)**



# အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးဇော်ဦး ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၉

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ၊ နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှုရီမတီ ဒရောပါဒီ မာမူ ထံသို့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်ရောင်းချပေးမည်




နေပြည်တော် နိုဝင်ဘာ ၁၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်** အတည်ပြုရွေးချယ်ထားသည့် အမှတ်တံဆိပ် Logo အား အထူးထုတ် စာပို့တံဆိပ်ခေါင်းအဖြစ် (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်(၁)မျိုးကို **၂၀၂၄ ခုနှစ် နိုဝင်ဘာလ(၂၁) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၆)ရက် (ကြာသပတေးနေ့)** နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၂၁) ရက် (ကြာသပတေးနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင်နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀°c | / | ၃၁°c |
| ရန်ကုန် | ၂၂°c | / | ၃၄°c |
| မန္တလေး | ၂၁°c | / | ၃၂°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုဆိုနေရာချထားမည့် အစီအစဉ် ကြိုတင်လေ့ကျင့်



နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီနှင့် ဝန်ကြီးဌာနများမှတာဝန်ရှိသူများပါဝင်သည့်အားကစားကွင်းအတွင်း ကြိုဆိုနေရာချထားမည့်အစီအစဉ်ကြိုတင်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ယခုကျင်းပမည့် အားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ကျင်းပသည့်အခမ်းအနားဖြစ်၍ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက်ဝန်ကြီးဌာနများ/အဖွဲ့အစည်းများမှ တာဝန်ခံများအနေဖြင့် အထူးအလေးထားပြီး ပူးပေါင်းဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဝင်များက ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား အမျိုးသားအားကစားပွဲတော်ကျင်းပသည့်အခါ ကွင်းအတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့် သတ်မှတ်ဂိတ်များ၊ မော်တော်ယာဉ်ရပ်နားရမည့် သတ်မှတ်နေရာများ၊ ဇုန်အလိုက် ထိုင်ခုံနေရာချထားမှုများနှင့် လိုအပ်သည်များကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(၅၀၀)

# "ပြည်သူ့ကြားကပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"အကြမ်းဖက်သမားတွေရဲ့ လက်သုံးစကား ဒလန်ဆိုတဲ့ခေါင်းစဉ်အောက်မှာ အပြစ်မဲ့ပြည်သူများသတ်ဖြတ်ခံနေရ"**ခေါင်းစဉ်ဖြင့် ၂၀-၁၁-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သောင်းကျန်းသူများနယ်မြေမှာ ရိုးရာပွဲတော်များပပျောက်နေ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦးတွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁၀-၁၁-၂၀၂၄ ရက် ည ၈ နာရီမှ ၁၇-၁၁-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၅၅၇ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟို (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

**■ ကျောဖုံးမှအဆက်**

၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ကချင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို ၂ မိနစ်တွင် Ben Mourabak ကလည်းကောင်း၊ ပွဲချိန် ၇၃ မိနစ်တွင် Bounddma ကလည်းကောင်း အသီးသီးသွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် ပဒုမ္မာအားကစားကွင်း၌ ရွှေဝတီရိန်းဂျားအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ရာမညယူနိုက်တက်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၆ မိနစ်နှင့် ၉၃ မိနစ်တို့တွင် ဆန်းမြင့်နိုင်ကလည်းကောင်း၊ ပွဲချိန် ၂၉ မိနစ်တွင် ဝေယံစိုးကလည်းကောင်း သွင်းယူပေးနိုင်ခဲ့ပြီး ရွှေဝတီရိန်းဂျားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၈ မိနစ်တွင် ကျော်ထက်နှင့် ပွဲချိန် ၅၇ မိနစ်တွင် အောင်နိုင်ဖြိုးတို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၂)အပြီးတွင် University အသင်းက ဂိုးကွာခြားချက်အသာ ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိနေပြီး ရာမညယူနိုက်တက်အသင်းက ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာမှ ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

စည်သူအောင်

# တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပိတ်ပွဲကျင်းပပြုလုပ်



၂၀၂၄ ခုနှစ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပိတ်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့ကမီးပုံးပျံငယ်များ လွှတ်တင်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ပိတ်ပွဲကို နိုဝင်ဘာလ ၁၇ ရက်ညပိုင်းတွင် တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်း၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယဉ်ကျေးမှုအကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ခရီးသွားပွဲလာပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ပြိုင်ပွဲဝင် စိန်နားပန်မီးပုံးပျံကြီး ၃ လုံး၊ ညမီးကြီးမီးပုံးပျံ ၄ လုံးတို့၏လွှတ်တင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်အား ပိတ်သိမ်းကြောင်း ကြေညာခဲ့ပြီး မီးရှူးမီးပန်းများလွှတ်တင်ပစ်ဖောက်ခြင်း၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးပုံးပျံငယ်များလွှတ်တင်ခြင်းများ ဆောင်ရွက်ကြပြီး တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များက တောင်ကြီးတန်ဆောင်တိုင် ဆုရတေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



၂၀၂၄ ခုနှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပိတ်ပွဲအခမ်းအနားတွင် မီးပုံးပျံငယ်များနှင့်မီးရှူးမီးပန်းများလွှတ်တင်ပစ်ဖောက်စဉ်။




၂၀၂၄ ခုနှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပိတ်ပွဲအခမ်းအနားတွင် မီးပုံးပျံအား လွှတ်တင်စဉ်။



၂၀၂၄ ခုနှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပိတ်ပွဲအခမ်းအနားတွင် တိုင်းရင်းသားပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။



၂၀၂၄ ခုနှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပိတ်ပွဲအခမ်းအနားတွင် မီးပုံးပျံများ လွှတ်တင်စဉ်။





၂၀၂၄ ခုနှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပိတ်ပွဲအခမ်းအနားတွင် တိုင်းရင်းသားပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအားကြည့်ရှုစဉ်။

**ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေ၊ မြန်မာကျပ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်၊ ပြပွဲအား နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ် . . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ရောင်းချရန် ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ရောင်းချရန် ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

✯ ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ရောင်းချရန် ပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



အကျိုးဖြစ်ထွန်းမှုများရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့်ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ကျင်းပခဲ့ကြောင်း၊ ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေ၊ မြန်မာကျပ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲအား နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည် ဖြစ်ကြောင်းနှင့် ယနေ့တွင်ဖွင့်ပွဲအခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပမှကျောက်မျက်လုပ်ငန်းရှင် ၄၅၀၀ ကျော်လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ရောင်းချရန်ပြသထားသော ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends opening ceremony of 2024 Mid-Term Myanmar Gems Emporium





Senior General Min Aung Hlaing watches the video clip on a display of jade lots.

NAY PYI TAW November 18

The opening ceremony of 2024 Mid-Term Myanmar Gems Emporium was held at Mani Yadana Jade Hall in Nay Pyi Taw this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present together with the Senior General were SAC Joint Secretary General Ye Win Oo, SAC members, union ministers, union level officials, the Nay Pyi Taw council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw command commander, deputy ministers, departmental officials, officials of Myanmar Gems and Jewellery Entrepreneurs Association, invited guests and local and foreign gems merchants.

The Senior General and attendees watched a video clip on pearl production and sales in Myanmar, production of gems and jewellery, and preparations to hold the 2024 Mid-Term Myanmar Gems Emporium.

Senior General Min Aung Hlaing observes jade lots.



They then observed gems and jade lots and pearl lots for sale at the emporium in the Mani Yadana Jade Hall. After hearing the reports of officials, the Senior General gave necessary guidance.




Senior General Min Aung Hlaing visits a jewellery booth.

The Senior General and party visited the private salerooms were polished gems and jewellery were sold and inspected the raw jade stone lots outside the hall.

Emporiums have been held since 1964 to earn foreign exchange for the country and generate economic benefits for the citizens through the sale of gems and jewellery. The current emporium will sell 280 pearl

See Page - 21 ●●

# Myanmar Customs urges exporters to provide real-time trade data

YANGON November 18

The Customs Department notified that exporters need to make real-time trade reporting to facilitate trade, as per its notification 005/2024.

Customs Department is making continuous efforts to ensure smooth trade flow. Real-time information on exported goods is sent simultaneously to the departments concerned upon allowed shipment. Regarding short shipment and ED cancellation reports, there will be amendments in export documents and bills of lading for trade quantity, description of goods and cost.



Yet, some companies are found to fail to send real-time data of short shipments and ED cancellation months after allowed shipment, causing amendments in trade data of the departments concerned and hindering the repatriation process of export earnings.

In order to ensure the accuracy of trade data statistics, exporters need to fill in export declarations with correct information about the type, quantity, and destination of goods to be shipped. Customs Department stated that they need to immediately send a letter to Customs officers in case of amendments in trade data, short shipment, or cancellation.

**SK**

# Homalin Township cultivates over 63,000 acres of rain-fed rice

HOMALIN November 18

A total of 63,263 acres of rain-fed rice have been planted in Homalin Township, Homalin District, Sagaing Region this year, according to statistics from Department of Agriculture for Homalin Township.

During the 2024-2025 rain crops planting season, 64,290 acres of rain-fed rice are planned to be planted in Homalin Township, and 63,263 acres have been planted since June this year.

"We will provide the necessary technology and varieties to reach the target for rain-fed rice. We are conducting field-work so that the farmers can plant rain-fed rice on time," said Daw Su Su Htwe, head of the Department of Agriculture for Homalin Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, providing education on prevention of pest infestation,preventing damage to crops and notifying the timely arrival of the harvested rice under the shelter.

**SMK**

# Kyaiklat Township delivers 550,000 bunches of bananas to Yangon market



KYAIKLAT November 18

Up to 550,000 bunches of bananas from Kyaiklat Township, Pyapon District, Ayeyawady Region, were sold to the Yangon market, said Daw Thuzar, the owner of a banana fair in Kyaiklat Township.

Local bananas from Kyaiklat Township are being shipped to the Yangon market. During August, up to 400,000 bunches of bananas were sold to the Yangon market.

"In the past, the sales of bananas to Yangon market were good. Local crops were transported to the Yangon market and sold. There is a high demand for bananas in the country. We sold Phee Gyan, Thee Hmwe, Yakhine and Sin Swe-bananas mostly. The current price of bananas is a little higher than before. Selling and buying are running smoothly," she said.

The prices of bananas in the Yangon market within a month were Ks-135,000 per 100 bunches of Phee Gyan bananas, Ks-98,000 per 100 bunches of Yakhine bananas, Ks-165,000 per 100 bunches of Thee Hmwe bananas and Ks-155,000 per 100 bunches of Sin Swe bananas.

**SK**

# Plan underway to grow more than 13,000 acres of sunflower in coming winter in Kawlin District

KAWLIN November 18

Kawlin Township Agriculture Department stated that preparations are being made to grow 13,100 acres of winter sunflower in Kawlin District of Sagaing Region in coming winter.

In 2024-2025 winter, the district authorities set plans to grow 11,118 acres of sunflower in Kawlin Township, 1,160 acres in Wuntho Township and 822 acres in Pinlebu Township, totalling 13,100.

U Win Thein, Head of District Agriculture Department said: "Our district planned to grow 13,100 acres of winter sunflower. We will strive for meeting the target cultivation, aimed at reducing import volume of palm oil. So, we encourage expansion of sown acreage of sunflower. In fact, production of oil from sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in winter more than monsoon."

In the district, relevant township agriculture departments conduct training courses for local farmers and agricultural staff to enhance their capacity for growing sunflower.

This year, Kawlin District authorities will arrange distribution of quality strains of sunflower seeds, urea fertilizer and other agricultural inputs to local farmers at fair prices.

**SK**

# Sagaing Township completes reaping more than 26,000 acres of monsoon paddy

SAGAING November 18

Local farmers have harvested 26,125 acres of monsoon paddy in Sagaing Township of Sagaing Region, according to the statistics of township agriculture department.

Local authorities set a plan to grow 26,116 acres of monsoon paddy in Sagaing Township this monsoon but local farmers have planted 26,235 acres of monsoon paddy exceeding the target cultivation.

U Zaw Oo, Head of Sagaing Township Agriculture Department commented: "Local authorities earmarked 26,116 acres of monsoon paddy but local farmers planted 26,125 acres of crops exceeding the target cultivation. At present, our department disseminates necessary agricultural techniques to local farmers in order to grow crops in monsoon in time."

This year, officials of Township Agriculture Department cooperated with local farmers in systematic cultivation of monsoon paddy without difficulties.

Agricultural officials raised farmer awareness to provide agricultural techniques and preventive measures of pests in order to minimize loss and waste of crops and keep harvested crops under shelters in time.

Monsoon paddy plantations are thriving in Sagaing Township at present. Agricultural staff members helped local farmers select quality strains of crops, conduct surveillance against pests, weed farmlands and remove different strains of crops with systematic broadcasting of fertilizers so as to boost per-acre yield.

**SMK**

# Xi, Biden meet in further move to stabilize relations



LIMA November 18

In a pivotal meeting on Saturday, Chinese President Xi Jinping and his U.S. counterpart, Joe Biden, reaffirmed their commitment to maintaining dialogue, fostering cooperation, and steering clear of conflict.

The past years have seen China-U.S. ties go through ups and downs. In Washington, a widespread zero-sum mentality against China has hardened into policies to stymie the Asian country's development.

From tariffs to restrictions on semiconductor technology, these measures have not only dampened bilateral ties but have reverberated through global supply chains.

Meanwhile, China and the United States hold divergent worldviews. China has championed a vision of a more equitable, sustainable, and inclusive global community, while Washington has sought to maintain its longstanding position of dominance.

Despite these profound differences, Saturday's high-level engagement underscored a shared understanding: with the stakes so high, neither side can afford the peril of confrontation.

The two sides should keep exploring the right way for two major countries to get along well with each other, and realize long-term, peaceful coexistence on this planet, Xi said during the meeting.

"The Thucydides Trap is not a historical inevitability. A new Cold War should not be fought and cannot be won," said Xi during the meeting on the sidelines of the 31st APEC Economic Leaders' Meeting in Peru's capital Lima.

China, however, has consistently rejected this premise. In a world shaped by globalization, where nations are deeply interconnected and their interests profoundly intertwined, China argues that the old paradigms of power politics and survival of the fittest must yield to a more cooperative vision, one that seeks to build a community with a shared future for mankind.

In the meeting on Saturday, Xi called on the U.S. side to have a correct strategic perception of China and treat each other as equals.

China's goal of a stable, healthy and sustainable China-U.S. relationship remains unchanged, Xi said, adding that its commitment to mutual respect, peaceful coexistence and win-win cooperation as principles for handling China-U.S. relations remains unchanged.

Biden, for his part, emphasized that the U.S.-China relationship is the most important bilateral relationship in the world.

The United States does not seek a new Cold War, it does not seek to change China's system, its alliances are not targeted against China, it does not support "Taiwan independence," it does not seek conflict with China, and it does not see its Taiwan policy as a way to compete with China, Biden said.

During his first term, the Trump administration embraced an "America First" doctrine that saw sweeping tariffs imposed on U.S. trading partners. Following his victory, concerns about heightened protectionism are once again spreading globally.

**Xinhua**

# Russia develops contactless method to protect the ISS from dangerous space debris

MOSCOW November 18

Scientists from Samara University have proposed a groundbreaking solution to shield space stations and satellites from hazardous debris.

The innovative device, designed to "blow" debris off dangerous orbital paths, promises to prevent accidents in the vacuum of space and extend the operational lifespan of space infrastructure. The findings are published in Acta Astronautica.

Even a small piece of space debris can cause significant damage if it collides with a spacecraft. Larger debris, such as defunct satellites or old rocket stages, poses an even greater threat, potentially destroying large structures like the International Space Station (ISS), explained experts from the Samara National Research University named after Academician S.P. Korolev (Samara University).

Currently, the only way to avoid collisions is to adjust the station's orbit using either its onboard engines or those of docked spacecraft. Since 1999, the ISS has conducted 38 such maneuvers, each consuming considerable fuel resources.

**Sputnik**



# Indonesian president says wanted country to join BRICS since 2014

JAKARTA November 18

Indonesian President Prabowo Subianto has said that he has wanted the country to join BRICS since 2014, when he first ran for president.

"Actually, I already announced in 2014, when I started my attempts at running for president of Indonesia … I did announce that when I become president of Indonesia, I will bring Indonesia to join BRICS," Subianto said at a business forum in Brazil on Sunday.

Subianto reiterated Indonesia's intention to become a member of BRICS, adding that it was important for the global economy.

"I installed my cabinet on the 21st of October and I send my foreign minister to fly directly to Kazan for the BRICS summit, which I could not attend … We want to join Brazil, India and other BRICS countries. We think that this will be a significant new element in the global economy," the president said. **Sputnik**

# New optical properties of Tumors may revolutionize breast cancer treatment



MOSCOW November 18

Researchers from Russia's Saratov State University (SSU) have identified new optical properties of cancerous tumors in breast tissue. According to the authors, light penetrates malignant cells nearly twice as effectively as healthy ones.

This discovery holds the potential to enhance breast cancer diagnosis and treatment in women through optical methods. The findings are published in the Journal of Biophotonics.

Breast cancer is characterized by the uncontrolled division of malignant cells within breast tissue, forming a tumor. According to WHO data, 2.3 million women were diagnosed with breast cancer in 2022, making it the most common type of cancer among women globally.

One of the most promising cancer treatments today is laser therapy - an optical method that selectively destroys tumor cells using light without damaging surrounding healthy tissue. This is achieved by introducing special drugs or nanoparticles into the tumor that absorb light, according to the researchers at Saratov State University. Optical diagnostic methods can distinguish healthy cells from cancerous ones based on their optical characteristics. As breast cancer progresses, it alters the structure and composition of the tissue, affecting its absorption, scattering, and refractive properties.

**Sputnik**


Senior General Min Aung Hlaing observes a raw jade piece.

●● From Page - 18
lots, 160 gem lots and 4,800 jade lots to local and foreign merchants through open tender system in USD, Euro, Yuan, Baht, Kyat and other types of currencies accepted by the Central Bank of Myanmar within the scope of set rules. It will be held from 18 to 27 November. Over 4,500 local and foreign merchants visited the emporium today, the opening day.

**100**


Senior General Min Aung Hlaing views pearl lots.

# Katha Township finishes cultivation of sugarcane on more than 60,000 acres of land

KATHA November 18

Local farmers have so far planted 62,008 acres of sugarcane plants in Katha Township of Sagaing Region, according to the statistics of Katha Township Agriculture Department.

In 2024-2025 monsoon, Katha Township earmarked cultivation of 62,493 acres of sugarcane plants. Local farmers have so far planted 62,008 acres of sugarcane against the target.

U Ko Lay, Head of Katha Township Agriculture Department said: "This monsoon, local authorities set a plan to grow 62,493 acres of sugarcane plantations in Katha Township but local farmers have cultivate 62,008 acres of sugarcane. Local farmers regularly grow sugarcane plants."

Sugarcane plants are grown in Shwebo, Kanbalu and Katha districts in Sagaing Region. Of them, Katha and Kanbalu districts grow the largest sown acreage of sugarcane.

Farmers need to cost Ks-600,000 to Ks-700,000 per acre of sugarcane, and it yields some 30 tons of sugarcane per acre.

Local farmers in Sagaing Region prefer to grow Ks-95/84, Nawade-4, Phawmoza and Sinshweli strains of sugarcane.

**SMK**

# More than 16,000 acres of monsoon paddy grown in Kalewa Township

KALEWA November 18

Kalewa Township Agriculture Department stated that a total of 16,005 acres of farmlands have been placed under monsoon paddy in Kawela Township of Sagaing Region this monsoon.

The township authorities earmarked cultivation of 18,634 acres of monsoon paddy in 2024-2025 monsoon season but local farmers have so far planted 16,005 acres against the target cultivation.

U Myo Naing, Head of Township Agriculture Department said: "Local farmers have grown more than 16,000 acres of monsoon paddy against the target of over 18,000 acres this monsoon. Our department will help local farmers grow quality strains of crops with advanced technology for enabling local farmers to grow monsoon paddy in time."

Relevant township agriculture department and local farmers are cooperating with each other in systematically growing monsoon paddy without any difficulties.

Staff members of the township agriculture department conduct provision of agricultural techniques, prevention of pests, minimizing loss and waste of crops and keeping paddy under shelter in time.


This year, monsoon paddy plantations are thriving in Kalewa Township. Officials of Township Agriculture Department share technological assistance with local farmers to choose quality strains of crops, prevention of pests, weeding and removal of different paddy strains as well as systematic use of fertilizers.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ရာထူးကမဆင်းမီ ကမ္ဘာစစ်အတွက် မီးမွှေးခဲ့လေသလား ဂျိုးဘိုင်ဒင်



စစ်ပွဲကြီးတစ်ပွဲဖြစ်မယ်၊ မဖြစ်ဘူးဆိုတာက ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များရဲ့ စကားတစ်ခွန်းတည်းနဲ့တင် အဆုံးအဖြတ်ပေးနိုင်ပါတယ်။ စစ်ဖြစ်မယ်လို့ဆိုနိုင်တာလည်း သူတို့ပဲ။ စစ်ရပ်မယ်လို့ ဆိုနိုင်တာလည်း သူတို့ပဲလို့ဆိုသလိုပေါ့။ အခုလည်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်တစ်ယောက် ရာထူးကနေဆင်းခါနီးမှာ ကမ္ဘာစစ်အတွက် မီးမွှေးလိုက်သလားလို့တောင်မှ ထင်ရပါတယ်။ အကြောင်းရင်းက ဒီလိုပါ။

အခုလိုမျိုးပြောရတဲ့အကြောင်းရင်းရဲ့အစက New York Times သတင်းစာကနေစတင်တာဖြစ်ပါတယ်။ ဘာလဲဆိုတော့ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ယူကရိန်းကို အမေရိကန်ထုတ်တာဝေးပစ်ဒုံးကျည်တွေအသုံးပြုပြီး ရုရှားနိုင်ငံအတွင်းပိုင်းထဲအထိ ပစ်ခတ်တိုက်ခိုက်ခွင့်ပေးလိုက်ပြီဆိုတဲ့သတင်းပါပဲ။

ဒီကိစ္စက အမှန်တကယ်ဟုတ်၊ မဟုတ်ဆိုတာကို အိမ်ဖြူတော်က အတည်ပြုထားခြင်းတော့ မရှိသေးပါဘူး။ ဒါပေမဲ့ ဒီလိုမျိုးကမ္ဘာကျော်သတင်းဌာနကြီးတွေက ဒီလောက်အထိ အရေးပါတဲ့သတင်းမျိုးကို မဟုတ်တမ်းတရားထုတ်လွှင့်မှာ မဟုတ်တာတော့ အသေအချာပါပဲ။ ယူကရိန်းသမ္မတဗိုလိုဒိုမာဇီလန်စကီကလည်း ဒီသတင်းနဲ့ပတ်သက်ပြီး အတည်ပြုသလိုသဘောဆောင်တဲ့ မှတ်ချက်ပြုစကားလည်း ပြောထားပါတယ်။

"ဒီနေ့ကတော့ ကျွန်တော်တို့အနေနဲ့ သင့်လျော်သလိုဆောင်ရွက်သွားဖို့အတွက် အမေရိကန်ဆီကနေခွင့်ပြုချက်ရတယ်ဆိုတဲ့သတင်းနဲ့ပတ်သက်ပြီး တော်တော်လေးပြောရဆိုရတဲ့နေ့ခင်ဗျ။ ဒါပေမဲ့ တိုက်ခိုက်မှုတွေဆိုတာကိုတော့ စကားလုံးတွေနဲ့ သက်သေပြမှာမဟုတ်ပါဘူး။ ဒီလိုကိစ္စတွေကိုလည်း ကြေညာမှာမဟုတ်ပါဘူး။ ဒုံးကျည်တွေကသာ သူတို့အလုပ်သူတို့လုပ်သွားကြပါလိမ့်မယ်" လို့ ဇီလန်စကီကပြောထားပါတယ်။ သူ့ရဲ့ပြောဆိုမှုကိုကြည့်လိုက်ရင် သူကဒီကိစ္စနဲ့ပတ်သက်ပြီး ငြင်းလည်းမငြင်းသလို၊ အတည်လည်းမပြုထားဘူးခင်ဗျ၊ ဆိုလိုတာက မူဝါဒတစ်ရပ်ပြောင်းလဲမှုရှိလာမယ်ဆိုရင် အဲဒီမူဝါဒကစစ်မြေပြင်မှာသာ ထွက်ပေါ်လာလိမ့်မယ်ဆိုတဲ့ သဘောသာပြောသွားတာတွေ့ရပါတယ်။

ပိုလန်နိုင်ငံခြားရေးဝန်ကြီးက ဒီသတင်းထွက်ပေါ်မှုနဲ့ပတ်သက်လို့ ဒီလိုပြောပြီး ကြိုဆိုထားသေးတယ်ခင်ဗျ။ "မြောက်ကိုရီးယားစစ်သည်တွေ ရုရှား-ယူကရိန်းစစ်ထဲကိုပါဝင်လာတာရယ်၊ ရုရှားရဲ့ဒုံးကျည်နဲ့ တိုက်ခိုက်မှုအမြောက်အမြားရယ်ကြောင့် သမ္မတဘိုင်ဒင်က ပူတင်နားလည်စေမယ့်ဘာသာစကားနဲ့ တုံ့ပြန်လိုက်တာဖြစ်ပါတယ်" ဆိုပြီးတော့ နိုင်ငံခြားရေးဝန်ကြီး ရာဒိုစလောစီကောစကီးက လူမှုကွန်ရက်မှာရေးထားပါတယ်။

ဒီအခြေအနေကို ရုရှားဘက်ကလည်း ဘယ်လိုမှလက်သင့်မခံဘူးဆိုတာ သေချာတယ်ခင်ဗျ။ ဘာဖြစ်လို့လဲဆိုရင် ဒါဟာသူတို့နိုင်ငံအတွင်းပိုင်းအထိ ခြိမ်းခြောက်မှုတွေဖြစ်ပေါ်လာစေမယ့် အရေးဖြစ်နေလို့ပါ။ ဒါကြောင့်လည်း ရုရှားအထက်လွှတ်တော်ရဲ့ နိုင်ငံတကာရေးရာကော်မတီ ဒုတိယအကြီးအကဲ ဗလာဒီမာဇာဘာရော့က ရုရှားအနေနဲ့ချက်ချင်းတုံ့ပြန်မှုတွေလုပ်သွားမယ်လို့ သတိပေးထားတဲ့အပြင် "ဒါဟာ တတိယကမ္ဘာစစ်စတင်ဖို့အတွက် အကြီးမားဆုံးသောခြေလှမ်းတစ်ရပ်ပါပဲ" ဆိုပြီး ပြောထားပါသေးတယ်။

ဂျိုးဘိုင်ဒင်အစိုးရက အခုလိုမျိုးဆုံးဖြတ်ချက်ကို ချလိုက်တာ ဒါပထမဆုံးပါ။ ဒါပေမဲ့ သူ့မှာလည်း ကန့်သတ်ချက်လေးတော့ရှိပါတယ်။ ဘာလဲဆိုရင် ယူကရိန်းအနေနဲ့ အမေရိကန်ရဲ့ တာဝေးပစ်ဒုံးကျည်တွေကိုအသုံးပြုပြီး ခု(စ်)ဒေသအတွင်းပိုင်းအထိပဲ တိုက်ခိုက်မှုတွေလုပ်ရမယ်ဆိုတဲ့ကန့်သတ်ချက်ပါ။ ခု(စ်) ဒေသဆိုတာ လက်ရှိမှာရုရှားရဲ့ပိုင်နက်နယ်မြေတစ်ခုဖြစ်နေပြီး ဒီဒေသကိုရဖို့ ယူကရိန်းဘက်ကပြီးခဲ့တဲ့ နွေရာသီကတည်းက ထိုးစစ်ဆင်တိုက်ခိုက်မှုတွေလုပ်ဆောင်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။

ဂျိုးဘိုင်ဒင်က အခုလိုမျိုးကန့်သတ်ထားပေမယ့် သိပ်မဝေးတော့တဲ့အချိန်မှာ ခု(စ်)ဒေသကိုကျော်လွန်ပြီး သူတို့ရဲ့လက်နက်တွေကိုအသုံးပြုခွင့်မပေးဘူးလို့ ဘယ်သူမှအာမမခံနိုင်ပါဘူး။ ဒါဟာ တဲထဲကိုကုလားအုတ်ခေါင်းဝင်တိုးတဲ့အဖြစ်နဲ့ အတူတူပါပဲ။ ခု(စ်)ဒေသက ဘယ်သူ့လက်အောက်မှာပဲရှိသည်ဖြစ်စေ အမေရိကန်အစိုးရရဲ့ အခုဆုံးဖြတ်ချက်ကတော့ တော်တော်လေးကိုစစ်မီးတောက်စေမယ့် ဆုံးဖြတ်ချက်တစ်ခုဖြစ်တာတော့အမှန်ပါပဲ။

အမေရိကန်ဘက်ကအသုံးပြုခွင့်ပေးလိုက်တဲ့ ဒုံးကျည်အမျိုးအစားက ATACMS ဒုံးကျည်ပါ။ အခုခွင့်ပြုပေးလိုက်တဲ့အထဲမှာ ဗြိတိန်ကထောက်ပံ့ပေးထားတဲ့ Storm Shadow ဒုံးကျည်တွေကိုအသုံးပြုမှုတော့ မပါဝင်ပါဘူး။ ဒါကြောင့် ATACMS ဒုံးကျည်တွေကို အသုံးပြုပြီး ရုရှားနိုင်ငံအတွင်းပိုင်းအထိ ပထမဆုံးသောတိုက်ခိုက်မှုကို လာမယ့်ရက်ပိုင်းအတွင်းမှာပင် မြင်တွေ့ရဖွယ်ရှိနေပါတယ်။

အမေရိကန်ရဲ့အခုလိုမျိုးခွင့်ပြုမှုဟာ ရုရှားဘက်ကနေ မြောက်ကိုရီးယားစစ်သည်တွေက ပါဝင်ပြီး တိုက်ခိုက်ပေးနေတယ်ဆိုတဲ့ သက်သေမဲ့စွပ်စွဲချက်များကြောင့် လုပ်ဆောင်လာတာပါ။ ဒီလိုသာပြောရမယ်ဆိုရင် ယူကရိန်းဘက်မှာလည်း အမေရိကန်စစ်အကြံပေးတွေက အရင်ကတည်းကရှိနေခဲ့တာပဲမဟုတ်ပါလား။ ဒါကြောင့် အခုလိုမျိုးဆုံးဖြတ်ချက်ချလိုက်ခြင်းဟာ ဂျိုးဘိုင်ဒင်အနေနဲ့ ကျန်ရှိသမ္မတသက်တမ်းမှာ စစ်မီးမွှေးလိုက်ခြင်းနဲ့တူနေတယ်လို့ ပြောရတာပါ။

ဒ့ါအပြင် အမေရိကန်လွှတ်တော်ကိုယ်စားလှယ်တချို့ကလည်း ဘိုင်ဒင်ဟာ ဇန်နဝါရီလမှာ ရာထူးကနေမဆင်းမီ တတိယကမ္ဘာစစ်ကိုစတင်ဖို့အန္တရာယ်ကြီးစွာကြိုးပမ်းနေခြင်းဖြစ်တယ်လို့ ပြောထားတာတွေရှိပါတယ်။ ဒီဆုံးဖြတ်ချက်ဟာ ပြည်ပစစ်မှာပါဝင်တိုက်ခိုက်မှု သို့မဟုတ် ငွေကြေးထောက်ပံ့မှုတွေမလုပ်လိုတဲ့ အမေရိကန်ပြည်သူများရဲ့သဘောထားဆန္ဒအမှန်နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတယ်လို့ ဂျော်ဂျီယာပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်တေလာဂရင်းကပြောထားပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်ရဲ့အကြီးဆုံးသားဖြစ်တဲ့ ဒေါ်နယ်ထရမ့်ဂျူနီယာကလည်း ဂျိုးဘိုင်ဒင်ရဲ့အစိုးရအဖွဲ့ဟာ တတိယကမ္ဘာစစ်ကိုလိုချင်နေတယ်ဆိုပြီးတော့ ပြောထားတာရှိပါတယ်။ "ကျွန်တော့်အဖေက ငြိမ်းချမ်းရေးကို ဖန်တီးပြီး လူ့အသက်တွေကိုကယ်တင်မယ့်အခွင့်အရေးမရခင်မှာပဲ စစ်ဘက်စက်မှုလုပ်ငန်းစုကြီးတစ်ခုလုံးက သူတို့အနေနဲ့တတိယကမ္ဘာစစ်ကို ဖန်တီးလိုပုံရနေတယ်" လို့ လူမှုကွန်ရက်မှာရေးထားတာတွေ့ရပါတယ်။

ဒီအချိန်မှာ ရုရှားဘက်ကထုတ်ပြန်လာတဲ့သတိပေးချက်တွေကိုလည်း တစ်ဖန်ပြန်ကြည့်ရပါမယ်။ တကယ်လို့သာ အမေရိကန်က ယူကရိန်းကိုတာဝေးပစ်လက်နက်ကြီးတွေ အသုံးပြုခွင့်ပေးတယ်ဆိုတဲ့သတင်းကအမှန်ဖြစ်မယ်ဆိုရင် ဒါဟာလက်ရှိဖြစ်ပွားနေတဲ့ပဋိပက္ခကို အမြင့်ဆုံးအထိဆွဲတင်တာနဲ့အတူတူပဲလို့ ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ကပြောပါတယ်။ ဒီလိုဖြစ်လာနိုင်တဲ့အခြေအနေနဲ့ပတ်သက်ပြီး ရုရှားသမ္မတဗလာဒီမာပူတင်ကလည်း ဒီနှစ်အစောပိုင်းကတည်းကပြောဖူးတာရှိပါတယ်။

ဇီလန်စကီဘက်ကတောင်းဆိုနေတဲ့ နယ်နိမိတ်မျဉ်းတစ်လျှောက်မှာ တိုက်ခိုက်မှုတွေလုပ်ဖို့ဆိုတာက အနောက်အုပ်စုရဲ့ထောက်လှမ်းရေးသတင်းနဲ့ စစ်ရေးကျွမ်းကျင်သူတွေမပါဘဲမဖြစ်နိုင်ပါဘူးလို့ ပူတင်ကပြောထားတာပါ။ အကယ်၍ ဒီလိုမျိုးဖြစ်လာတယ်ဆိုရင်လည်း ဒါဟာ NATO အဖွဲ့ဝင်နိုင်ငံတွေက ရုရှားနဲ့စစ်ဖြစ်ဖို့ကို ရွေးချယ်လိုက်တာနဲ့အတူတူပဲဆိုပြီးတော့ ပူတင်ကသတိပေးထားဖူးပါတယ်။ အခုအဲဒီအခြေအနေက အမှန်တကယ်ဖြစ်လာမယ့်အနေအထားရှိနေပါပြီ။

သမ္မတလောင်းဒေါ်နယ်ထရမ့်ကလည်း လာမယ့်နှစ်ဇန်နဝါရီလမှသာ နိုင်ငံ့တာဝန်တွေကိုတရားဝင်ထမ်းဆောင်ရမှာပါ။ သူက ယူကရိန်းပဋိပက္ခကို ၂၄ နာရီအတွင်း ဖြေရှင်းပေးမယ်လို့ဆိုထားသူဖြစ်ပါတယ်။ ဒီအခြေအနေမှာ လက်ရှိတင်းမာမှုတွေကို ပြေလျော့စေဖို့ ဒါမှမဟုတ် ပိုမိုမြင့်တက်စေဖို့ဆိုတာက ဒေါ်နယ်ထရမ့်လက်ထဲမှာဖြစ်နေပါပြီ။

ကျွန်တော့်အနေနဲ့သုံးသပ်ရမယ်ဆိုရင် အခုထွက်ပေါ်လာတဲ့ သတင်းသာအမှန်ဖြစ်မယ်ဆိုပါက တတိယကမ္ဘာစစ်ဖြစ်လောက်တဲ့အထိတော့ ရောက်မှာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း အချိန်အတိုင်းအတာတစ်ခုအထိတော့ ယူကရိန်းပြည်သူတွေဟာ ဒုက္ခပင်လယ်ဝေရပါဦးမယ်။ ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုတွေကလည်း တော်တော်လေးကိုဖြစ်ပေါ်လာပါဦးမယ်။ ထရမ့်က အမေရိကန်သမ္မတရာထူးကိုရမှသာ အခုဖြစ်နေတဲ့ပြဿနာက တင်းမာမှုအနည်းငယ်လျော့ကျသွားမယ့်အနေအထားရှိကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

Ref: The Gurdian, RT

ကိုထက်

# ဂျာမနီကထောက်ပံ့နိုင်သည့် အနိမ့်ပျံဒုံးကျည်များက ယူကရိန်းစစ်မြေပြင်ကို သိသာစွာပြောင်းလဲစေမည်မဟုတ်ဟုဆို



ဘာလင်၊ စစ်ရေး

ဂျာမနီက ယူကရိန်းသို့ထောက်ပံ့ပေးနိုင်ဖွယ်ရှိသည့် ဝေဟင်မှပစ်လွှတ်နိုင်သော အနိမ့်ပျံဒုံးကျည်များက ယူကရိန်းတို့၏စစ်မြေပြင်ကို သိသာထင်ရှားစွာပြောင်းလဲစေမည်မဟုတ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီးကပြောထားသည်။

ဂျာမနီအစိုးရသည် Taurus အမျိုးအစားအနိမ့်ပျံဒုံးကျည်များကို ယူကရိန်းသို့ ထောက်ပံ့ပေးရန်စဉ်းစားလျက်ရှိသည်ဟူသောသတင်းများထွက်ပေါ်နေစဉ် ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ်ပစ္စတိုးရီးယပ်က ယခုကဲ့သို့မှတ်ချက်ပြုပြောခြင်းဖြစ်သည်။

Taurus ဒုံးကျည်များသည် အမျိုးသားလုံခြုံရေး၊ NATO တပ်ဖွဲ့၏မဟာဗျူဟာများနှင့်ဆက်စပ်နေသည့် ဒုံးကျည်အမျိုးအစားဖြစ်ကြောင်း၊ ၎င်းတို့ရည်မှန်းထားသောအရာက ယူကရိန်းအနေဖြင့် ထောက်ပံ့မှုများကို စဉ်ဆက်မပြတ်ရရှိနေရေးသာဖြစ်ကြောင်း ပစ္စတိုးရီးယပ်ကဆက်ပြောသည်။

အလားတူ ယူကရိန်းနိုင်ငံသို့ အနိမ့်ပျံဒုံးကျည်များ ထောက်ပံ့ပေးခြင်းသည် ရုရှားနှင့်ဖြစ်ပွားနေသောပဋိပက္ခတွင် ဂျာမနီနိုင်ငံက တိုက်ရိုက်ပါဝင်ပတ်သက်နေပြီဟူသော အဓိပ္ပာယ်သက်ရောက်စေမည်ဖြစ်သည့်အတွက် ကိုယ့်ကိုယ်ကိုယ်ပစ်မှတ်အဖြစ်အရောက်ခံနိုင်မှသာ ထိုဒုံးကျည်များကို ထောက်ပံ့ရန် စဉ်းစားရမည်ဖြစ်ကြောင်း ၎င်းကပြောထားသည်။

Ref: RT

# တရုတ်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့ ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေး

ရီယိုဒီဂျနေးရိုး၊ ဆက်ဆံရေး

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဗြိတိန်ဝန်ကြီးချုပ်ကီယာစတားမားတို့က နိုဝင်ဘာလ ၁၈ ရက်တွင်ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ဆောင်ရွက်သော G-20 ထိပ်သီးအစည်းအဝေး၏ ဘေးပန်းတွေ့ဆုံမှုတွင် ဆွေးနွေးကြောင်းသိရသည်။

ယခုကဲ့သို့ တရုတ်သမ္မတနှင့်ဗြိတိန်ဝန်ကြီးချုပ်တို့၏တွေ့ဆုံဆွေးနွေးမှုသည် ပြီးခဲ့သည့်ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း Xinhua သတင်းဌာနကဖော်ပြထားသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က နယ်ပယ်အများအပြားတွင် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်လျက်ရှိသည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောသည်။

ထို့ပြင် တရုတ်နိုင်ငံနှင့်ဗြိတိန်နိုင်ငံတို့သည် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်စွဲကိုင်ထားကာ တရုတ်-ဗြိတိန်ဆက်ဆံရေးအတွက် အခွင့်အလမ်းအသစ်များကိုလည်း ဖွင့်လှစ်ထားသင့်ကြောင်း ရှီကျင့်ဖျင်က ဆက်ပြောသည်။

ထို့အတူ တရုတ်နိုင်ငံနှင့်ဗြိတိန်နိုင်ငံတို့အနေဖြင့် တစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကျန်တစ်နိုင်ငံက စိတ်ထားမှန်မှန်ဖြင့် ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်သင့်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင် တည်ငြိမ်မှုရှိသော၊ ခိုင်မာအားကောင်းသော၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာစေရေးအတွက် မဟာဗျူဟာမြောက်ဆက်သွယ်မှုနှင့်နိုင်ငံရေးတွင်နက်ရှိုင်းစွာအပြန်အလှန်ယုံကြည်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်သွားသင့်ကြောင်း ရှီကျင့်ဖျင်ကပြောသည်။

ရှီကျင့်ဖျင်သည် G-20 ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာသည့် အခြားနိုင်ငံ့ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးကြောင်းသိရသည်။ **Ref: Xinhua**



# ဘင်္ဂလားဒေ့ရှ်ဝန်ကြီးဟောင်းများ လူအစုလိုက်အပြုံလိုက်သတ်မှုဖြင့် တရားရုံးရှေ့မှောက်သို့ရောက်ရှိလာ

ဒါကာ၊ ပြည်တွင်းရေး

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာလက်ထက်တွင် အစိုးရအဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ကြီးဟောင်းများသည် လူအစုလိုက်အပြုံလိုက်သတ်မှုဖြင့် နိုဝင်ဘာလ ၁၈ ရက်တွင် တရားရုံးရှေ့မှောက်သို့ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါတာဝန်ရှိသူဟောင်း ၁၃ ဦးက ရှိတ်ဟာဆီနာအနေဖြင့် နိုင်ငံမှထွက်ပြေးသွားပြီးနောက် အဖမ်းခံထားရခြင်းဖြစ်ပြီး နိုင်ငံအတွင်းဖြစ်ပွားသော ဆူပူအုံကြွမှုများအတွင်း လူအယောက် ၇၀၀ ကျော်ကို သေဆုံးစေသည့် ရဲတပ်ဖွဲ့၏ဖြိုခွင်းမှုတွင် ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲခံထားရခြင်းဖြစ်သည်။

ထို ၁၃ ဦးတွင် ဝန်ကြီးဟောင်း ၁၁ ဦး၊ တရားသူကြီးတစ်ဦးနှင့် ယခင်အစိုးရအဖွဲ့မှအတွင်းဝန်တစ်ဦးတို့ပါဝင်ပြီး ထိုသူများသည် ကျောင်းသားများ၏ဆန္ဒပြမှုများကို ဖြိုခွဲရန် အမိန့်ပေးသူများဖြစ်ကြောင်း အစိုးရရှေ့နေ မိုဟာမတ်တာဂျူးအစ္စလမ်က ပြောထားသည်။ **Ref: TST**




# အမေရိကန်နှင့်ဖိလစ်ပိုင် ထောက်လှမ်းရေးသတင်းဖလှယ်မှုအတွက်သဘောတူ

မနီလာ၊ လုံခြုံရေး

အမေရိကန်နှင့်ဖိလစ်ပိုင်နိုင်ငံတို့က နှစ်နိုင်ငံကြား စစ်ဘက်ထောက်လှမ်းရေးသတင်းများဖလှယ်မှုအတွက်သဘောတူပြီး နိုဝင်ဘာလ ၁၈ ရက်တွင် သဘောတူညီချက်လက်မှတ်ထိုးလိုက်ပြီဖြစ်ကြောင်းသိရသည်။

ထိုသဘောတူညီချက်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဂီဘာတိုတီယိုဒိုရိုတို့က မနီလာမြို့ရှိ စစ်ရုံးချုပ်၌ လက်မှတ်ထိုးခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါဝန်ကြီးနှစ်ဦးသည် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းလုပ်ဆောင်မှုများ အဆင်ပြေချောမွေ့စေမည့် ပူးပေါင်းဆောင်ရွက်မှုစင်တာတစ်ခုတည်ဆောက်ရေးအတွက် ပန္နက်ရိုက်ခြင်းကိုလည်း ထိုစစ်ရုံးချုပ်မှာပင်လုပ်ဆောင်သည်။

ယခုလက်မှတ်ထိုးလိုက်သည့် သဘောတူညီချက်အရ အမေရိကန်နှင့်ဖိလစ်ပိုင်နိုင်ငံတို့က လျှို့ဝှက်အဆင့်အတန်းရှိသော ထောက်လှမ်းရေးသတင်းများကို အပြန်အလှန်ဖလှယ်ခွင့်ရရှိပြီဖြစ်ကြောင်းသိရသည်။ **Ref: RTA**

## သတင်းတိုကဏ္ဍ

### အင်ဒိုနီးရှားက ၂၀၁၄ ခုနှစ်ကတည်းက BRICS အဖွဲ့နှင့်လက်တွဲလိုခြင်းဖြစ်ဟု သမ္မတပြော

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၄ ခုနှစ်ကတည်းက BRICS အဖွဲ့နှင့်လက်တွဲလိုခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုက ဘရာဇီးနိုင်ငံ၌ဆောင်ရွက်သော G-20 ထိပ်သီးအစည်းအဝေး၌ ပြောသည်။

၎င်းအနေဖြင့် ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စဉ်ကတည်းက BRICS အဖွဲ့နှင့်လက်တွဲမည်ဟု တရားဝင်ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအဖွဲ့သည် ကမ္ဘာ့စီးပွားရေးအတွက် အလွန်ပင်အရေးကြီးသောအဖွဲ့တစ်ခုဖြစ်ကြောင်း ပရာဘိုဝိုဆူဘီယန်တိုက ဆက်ပြောသည်။

ထို့နောက်၎င်းအနေဖြင့်သမ္မတတာဝန်များကိုစတင်ထမ်းဆောင်ကာ အစိုးရအဖွဲ့ကိုဖွဲ့စည်းပြီးနောက်ချက်ချင်းပင် နိုင်ငံခြားရေးဝန်ကြီးကို BRICS ထိပ်သီးအစည်းအဝေးကျင်းပရာ ရုရှားနိုင်ငံ ကာဇန်မြို့သို့ စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတကပြောသည်။ ယခုအခါ အင်ဒိုနီးရှားနိုင်ငံသည် BRICS အဖွဲ့၏ မိတ်ဖက်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်းသိရသည်။

**Ref: Sputnik**

### တိုင်ဖွန်းမန်ရီ ဝင်ရောက်တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်၌ လူရှစ်ဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံသို့ ပြီးခဲ့သည့်သီတင်းပတ်အကုန်ပိုင်းတွင် အလွန်အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်လုံးဖြစ်သည့် မန်ရီဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံးလူရှစ်ဦးသေဆုံးကြောင်း ပြည်နယ်တာဝန်ရှိသူများက နိုဝင်ဘာလ ၁၈ ရက်တွင်ပြောသည်။

သေဆုံးသူများသည် မုန်တိုင်းတိုက်ခတ်မှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော ရေကြီးမှု၊ မြေပြိုမှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း နျူးဗာဗစ်ကာယာပြည်နယ်မှ သဘာဝဘေးလျော့ပါးရေးတာဝန်ရှိသူတစ်ဦးကပြောသည်။

မုန်တိုင်းမန်ရီသည် ဖိလစ်ပိုင်နိုင်ငံသို့ တစ်လအတွင်း ခြောက်လုံးမြောက်ဝင်ရောက်သည့်မုန်တိုင်းဖြစ်သည့်အပြင် ယခုနှစ်အတွင်း ထိုနိုင်ငံသို့ဝင်ရောက်သည့် ၁၆ လုံးမြောက်မုန်တိုင်းလည်းဖြစ်သည်။

လက်ရှိတွင် မုန်တိုင်းမန်ရီသည် ဖိလစ်ပိုင်နိုင်ငံမှထွက်ခွာသွားပြီဖြစ်ကာ တောင်တရုတ်ပင်လယ်အတွင်း အားပျော့ပျက်ပြယ်သွားမည်ဖြစ်သည်။ **Ref: Xinhua**

### နျူကလီးယားတပ်ဖွဲ့များကို အကန့်အသတ်မဲ့ထောက်ပံ့ရန် ကင်ဂျုံအွန်ညွှန်ကြား

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားတပ်ဖွဲ့များကို အကန့်အသတ်မဲ့စွာ ထောက်ပံ့သွားရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်က ညွှန်ကြားကြောင်းနှင့် စစ်ပွဲအတွက်အသင့်ပြင်ဆင်မှုများ အပြီးသတ်လုပ်ဆောင်ရန်တောင်းဆိုကြောင်း KCNA သတင်းဌာနက နိုဝင်ဘာလ ၁၈ ရက်တွင်ဖော်ပြထားသည်။

ကိုရီးယားပြည်သူ့တပ်မတော်မှ တပ်ရင်းမှူးများနှင့် နိုင်ငံရေးနည်းပြများ၏ စတုတ္ထအကြိမ်မြောက်ညီလာခံ၌ ကင်ဂျုံအွန်က ယခုကဲ့သို့ မှတ်ချက်ပြုပြောခြင်းဖြစ်သည်။

လက်ရှိတွင် နိုင်ငံအနေဖြင့်နျူကလီးယားတပ်ဖွဲ့များကိုဗဟိုပြုကာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်သွားရမည်ဖြစ်ကြောင်းနှင့် ထိုတပ်ဖွဲ့များကိုအကန့်အသတ်မဲ့ထောက်ပံ့သွားရမည်ဖြစ်ကြောင်း ကင်ဂျုံအွန်ကပြောသည်။

ထို့ပြင် တောင်ကိုရီးယား၊ အမေရိကန်နှင့်ဂျပန်တို့သည် ကိုရီးယားကျွန်းဆွယ်၌ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတို့ကို ခြိမ်းခြောက်နေသူများဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ **Ref: Yonhap**

### ရာသီဥတုပြောင်းလဲမှုကြောင့် ယခုနှစ်အတွင်း အလွန်အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းများ ပိုမိုဖြစ်ပေါ်

ရာသီဥတုပြောင်းလဲမှုကြောင့် ယခုနှစ်အတွင်း ပစိဖိတ်သမုဒ္ဒရာ၏အနောက်မြောက်ပိုင်း၌ အလွန်အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းများ ပိုမိုဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း မိုးလေဝသကျွမ်းကျင်သူများက ပြောသည်။

အထူးသဖြင့် ပင်လယ်ရေမျက်နှာပြင် အပူချိန်များမြင့်တက်မှုကြောင့် အပူပိုင်းမုန်တိုင်းများပိုမိုဖြစ်ပေါ်ပြီး ပိုမိုအင်အားပြင်းထန်လာရခြင်းဖြစ်ကြောင်း၊ လက်ရှိပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်ထက် ၁ ဒီဂရီစင်တီဂရိတ်မှ ၂ ဒီဂရီစင်တီဂရိတ်ပိုများနေကြောင်း မိုးလေဝသပညာရှင်တစ်ဦးဖြစ်သည့် ရှန်ချီမင်းကဆိုသည်။

ထို့ပြင် ပစိဖိတ်အနောက်မြောက်ပိုင်း၌ယမန်နှစ်က မုန်တိုင်းစုစုပေါင်း ၁၇ လုံးသာဖြစ်ပေါ်ခဲ့ရာ ယခုနှစ်တွင် မုန်တိုင်း ၂၅ လုံးအထိဖြစ်ပေါ်လာသည်ကို မြင်တွေ့ရကြောင်း၊ ထို ၂၅ လုံးအနက်ရှစ်လုံးသည် ကုန်းတွင်းပိုင်းသို့ဝင်ရောက်သော အလွန်အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းများဖြစ်ပြီး ၎င်းတို့ကြောင့် ဆုံးရှုံးမှုလည်းပိုမိုကြီးမားကြောင်းရှန်ချီမင်းကပြောထားသည်ဟုသိရသည်။ **Ref: SCMP**

# ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်လှစ်



မကွေး နိုဝင်ဘာ ၁၈

ဥပဒေရေးရာဝန်ကြီးဌာနနှင့်ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (Training of Trainer-TOT) အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၈ ရက်တွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ယခုဖွင့်လှစ်သောသင်တန်းသည် Grade - 11 နှင့် Grade - 12 တွင် ပညာသင်ကြားနေသောကျောင်းသား၊ ကျောင်းသူများကို ဥပဒေပညာသင်ကြားပေးမည့် ဆရာ၊ ဆရာမများအား ဆရာဖြစ်သင်တန်းသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဆင်း ဆရာ၊ ဆရာမများအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဆရာ၊ ဆရာမများကို ထပ်ဆင့်သင်တန်းပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများကို သင်ရိုးညွှန်းတမ်းဖြင့် ပြန်လည်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်မည့် ဆရာ၊ ဆရာမများအနေဖြင့် မိမိကိုယ်တိုင် ဥပဒေပညာကို သိရှိနားလည်ပြီး ပြန်လည်သင်ကြားပို့ချပေးနိုင်သည်အထိ ကြိုးစားသင်ယူကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးတင့်ဝေက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းခြောက်ခုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးငွေ ငွေကျပ် သိန်း ၂၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကပေးအပ်ရာ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က လက်ခံရယူပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည်။

အဆိုပါသင်တန်းတွင် အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများအား တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိခုနစ်ဦးက သင်ခန်းစာဘာသာရပ်ခုနစ်ခုကို နိုဝင်ဘာလ ၁၈ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# မင်္ဂလာဒုံမြို့နယ်၌ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရန် နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ်၌ မေထုန်မဲ့သားစပ်နည်းဖြင့် နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်း အမှတ်စဉ်(၄/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၈ ရက်တွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်မွေးမြူရေးခြံများ နယ်မြေအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်မြင့်ဟန်က နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် မေထုန်မဲ့သားစပ်စီမံကိန်းအောင်မြင်စေရန် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နည်းပြများက ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ သင်တန်းသား ၂၅ ဦးအား နိုဝင်ဘာလ ၁၈ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး၊ မြောက်ပိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# နတ်မောက်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် အင်္ဂလိပ်စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ




နတ်မောက် နိုဝင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပညာရေးဌာနနှင့်ပူးပေါင်း၍ မူလတန်းအဆင့် အင်္ဂလိပ်စာဖတ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာလ ၁၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူများအား အခြေခံအဆင့်မှစ၍ အင်္ဂလိပ်စာအရေးအဖတ် အားကောင်းစေရန်၊ လူငယ်/လူရွယ်များ စူးစမ်းလေ့လာမှုနှင့် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်၊ စိတ်လက်ပေါ့ပါးပျော်ရွှင်စေရန်၊ အစုအဖွဲ့အတွင်း ပူးပေါင်းပါဝင်တတ်စေရန်၊ အလေ့အကျင့်ကောင်းမှ အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူခုနစ်ဦးက မိမိတို့နှစ်သက်သည့်ခေါင်းစဉ်များဖြင့် အင်္ဂလိပ်စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဆရာ၊ ဆရာမများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လှဝင်း**

# မုံရွာခရိုင်အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၁၃၉၇၀၁ ဧက လျာထားစိုက်ပျိုးမည်



မုံရွာ နိုဝင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းစသည့်သီးနှံများ စုစုပေါင်းစိုက်ဧက ၁၃၉၇၀၁ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ မုံရွာခရိုင်အတွင်းရှိ ဒေသခံတောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆီထွက်သီးနှံမျိုးစုံကို အထွက်နှုန်းကောင်း မျိုးကောင်း၊ မျိုးသန့်များကို အသုံးပြုစိုက်ပျိုးရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို အချိုးကျသုံးစွဲနိုင်စေရန် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


ထို့ပြင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ စိုက်ပျိုးရေးနည်းပညာရပ်များရယူသုံးစွဲရေးတို့ကိုလည်း အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

မုံရွာခရိုင်အတွင်း ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ဧက ၄၁၃၁၀၊ နှမ်း ၆၆၉၉၁ ဧက၊ နေကြာ ဧက ၃၁၃၀၀ နှင့် ပန်းနှမ်းဧက ၁၀၀ စုစုပေါင်း ၁၃၉၇၀၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆီထွက်သီးနှံများကို မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်နှင့် အရာတော်မြို့နယ်တို့၌ စိုက်ပျိုးမည်ဖြစ်ပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးတို့အတွက်ရည်ရွယ်ကာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ



ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် နိုဝင်ဘာ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **နိုဝင်ဘာလ ၁၇ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၃၂၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၃၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် မော်တော်ဆိုင်ကယ်(၁၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **နိုဝင်ဘာလ ၁၈ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်အခြားသစ် (သုည ဒသမ ၅၀၉) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၃၅၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။




မရမ်းချောင် အမြဲတမ်း စစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။

ထို့နောက် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၃)စီးနှင့် မော်တော်ဆိုင်ကယ် (၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

နိုဝင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၇၀၄၃၅၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်စည်များ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေနိုင်သကဲ့သို့ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တင်သွင်းခြင်းတို့ကြောင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများ ဖြစ်ပေါ်စေနိုင်ပြီး ပြည်သူလူထုအတွက် အသက်အန္တရာယ်ထိခိုက်မှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင် ခဲ့သည့် “Ko Tin Htoo Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေ တင်ထူးအောင်အား ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေရာကျဲကျဲ မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

(မိုး/ဇလ)

# မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆောင်ရန် ပြည်သူ ၃၀ ကျော်ကို ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်သူများကိုသေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့ရာ ပြည်သူ ၁ ဦးဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များလမ်းသွားလမ်းလာများကို ပေါ်တာဆွဲဖမ်းဆီးခြင်းများမရှိဘဲ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန်လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ကြောင်းသိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ စိုးရိမ်ထိတ်လန့်လာပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားဖြင့် မဟုတ်မမှန် လှုံ့ဆော်ရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

❍ **ကျောဖုံးမှအဆက်**

သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် အကျိုးအမြတ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် KING LONG အမျိုးအစား ခရီးသည်တင်မှန်လုံယာဉ်တစ်စီးနှင့် HIGER အမျိုးအစား ခရီးသည်တင်မှန်လုံယာဉ်တစ်စီးတို့အား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများနှင့်၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပါဝင်ပြသရောင်းချသူများ၊ လေ့လာသူများနှင့် တာဝန်ရှိသူတို့၏စကားသံများ

**၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ မဏိရတနာကျောက်စိမ်းခန်းမဦးကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။ အဆိုပါပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းမှတာဝန်ရှိသူများ၊ ပါဝင်ပြသရောင်းချသူများ၊ လာရောက်လေ့လာသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်-**



ဦးသန်းဇော်ဦး



ဦးအောင်ဇေယျ



ဒေါ်ထရီဇာ



ဒေါ်ချိုချိုအေး



ဒေါ်နန်းသိင်္ဂီရွှေ

**ဦးသန်းဇော်ဦး (ကျောက်မျက်ပြပွဲဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) အထွေထွေမန်နေဂျာ)**

ကျွန်တော်တို့ ကျောက်မျက်ရတနာများကို အုပ်စုသုံးစုအနေနဲ့ နေ့အလိုက်ရောင်းချသွားမှာဖြစ်ပါတယ်။ ကျောက်မျက်အတွဲမှာ ကျွန်တော်တို့က ကျောက်မျက်နဲ့ ကျောက်စိမ်းကို အဓိကတာဝန်ယူရတာဖြစ်ပါတယ်။ ကျောက်မျက်အတွဲပေါင်း ၁၆၀ တင်ပြရောင်းချသွားမှာဖြစ်ပါတယ်။ ကျောက်စိမ်းအတွဲကတော့ အုပ်စု A၊ အုပ်စု B၊ အုပ်စု C ဆိုပြီး အမျိုးအစားခွဲထားပါတယ်၊ စုစုပေါင်းကျောက်စိမ်းအတွဲကတော့ ၄၈၀၀ ရောင်းချသွားမှာဖြစ်ပါတယ်။ နေ့အလိုက် ကျောက်မျက်တွေက ၁၈ ရက်နေ့ကနေ ၂၀ ရက်နေ့အထိ ကျောက်မျက်တွေကြည့်ရှုစစ်ဆေးမှာဖြစ်ပါတယ်။ ၂၁ ရက်နေ့မှာ ကျွန်တော်တို့က ရောင်းချသွားမှာဖြစ်ပါတယ်။ ကျောက်မျက်ကတော့ တစ်ရက်ပဲရောင်းချသွားမှာဖြစ်ပါတယ်။ ကျောက်စိမ်းအတွဲတွေအနေနဲ့ ကျောက်စိမ်းအုပ်စု A ကို နိုင်ငံခြားငွေနဲ့တန်ဖိုးသတ်မှတ်ပြီးတော့ ရောင်းချမှာဖြစ်ပါတယ်။ ဝယ်ယူတာကတော့ ပြည်ပကုန်သည်ရော ပြည်တွင်းကုန်သည်များပါ ဝယ်ယူနိုင်ပါတယ်။ ပြည်တွင်းကုန်သည်ဝယ်ယူရင်လည်း နိုင်ငံခြားငွေနဲ့ပေးချေရမှာဖြစ်ပါတယ်။ နောက်တစ်ခု ကျောက်စိမ်းအုပ်စု B က ပြည်ပကုန်သည်ဝယ်ယူရင် နိုင်ငံခြားငွေနဲ့ပေးချေရမှာဖြစ်ပြီး ပြည်တွင်းကုန်သည်ဝယ်ယူရင် နိုင်ငံခြားငွေနဲ့ညီမျှတဲ့ ကျပ်ငွေနဲ့ ပေးချေရမှာဖြစ်ပါတယ်။ ကျောက်စိမ်းအုပ်စု C က အထူးသဖြင့် ပြည်တွင်းကုန်သည်တွေ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာအခြေခံပြီး ကျောက်မျက်လုပ်ငန်းလုပ်ကိုင်နေတဲ့ အသေးစား MSME လုပ်ငန်းရှင်တွေရှိပါတယ်။ အဲဒီအတွက် ကုန်ကြမ်းရရှိဖို့အတွက် သူတို့ကို အခြေခံကျပ်ငွေနဲ့ သတ်မှတ်ထားပါတယ်။ ကျပ်ငွေနဲ့ဝယ်ယူပြီး ကျပ်ငွေနဲ့တန်ဖိုးပေးချေရမှာဖြစ်ပါတယ်။ ကျောက်စိမ်းအုပ်စု C ကတော့ နိုင်ငံခြားသားဝယ်ယူခွင့်မရှိပါဘူး။ ပြည်တွင်းလုပ်ငန်းရှင်တွေအတွက် သီးခြားသတ်မှတ်ရောင်းချပေးသွားမှာဖြစ်ပါတယ်။

**ဦးအောင်ဇေယျ(နေပြည်တော် ကုန်သည်စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

ကျွန်တော်ကတော့ နေပြည်တော်ကုန်သည်စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဖြစ်ပါတယ်၊ ကျောက်မျက်ရတနာပြပွဲတွေကို နိုင်ငံတကာရော ပြည်တွင်း၊ ပြည်ပပါ ရောင်းဝယ်ဖောက်ကားခွင့်ရအောင် နိုင်ငံတော်အစိုးရက ကျင်းပပေးတာ ကျွန်တော်တို့အနေနဲ့နှစ်ထောင်းအားရဖြစ်မိပါတယ်။ ပြပွဲတွေကို နိုင်ငံတော်ကကျင်းပခြင်းအားဖြင့် ကျောက်မျက်ရတနာရောင်းချတဲ့အခါ လွဲမှားမှုမရှိတာရယ်၊ ပစ္စည်းအစစ်တွေရနိုင်တာ၊ နိုင်ငံတော်က ဖြေလျှော့တဲ့အခွင့်အရေး၊ အခွင့်အလမ်းတွေလည်း အများကြီးပေးထားပါတယ်ခင်ဗျာ။ ဒါကြောင့် ပြည်တွင်း၊ ပြည်ပက လုပ်ငန်းရှင်တွေကိုလည်း ပြပွဲမှာလာရောက်ပြီး ရောင်းဝယ်ဖောက်ကားစေချင်ပါတယ်။ ကျွန်တော်တို့အသင်းကလည်း နိုင်ငံတကာ ကျောက်မျက်အသင်းနဲ့ ချိတ်ဆက်ပြီး နိုင်ငံတကာမှာရောင်းချနိုင်ဖို့ ကြိုးစားနေပါတယ်။

**ဒေါ်ထရီဇာ (Gems & Jewellery လုပ်ငန်းရှင်)**

ကျွန်မကတော့ Gems & Jewellery က Founder တစ်ယောက်ဖြစ်ပါတယ်။ ဒီမှာလာရောက်ရောင်းချတာ လေးကြိမ်မြောက်ရှိပါပြီ။ ကျွန်မက ကျောက်မျက်တွေကိုချစ်တဲ့အတွက် မိုးကုတ်သဘာဝတွင်းထွက်ပစ္စည်းစစ်စစ်များကိုရောင်းချပါတယ်။ ကျွန်မတို့ကုန်သည်တွေအတွက်ကတော့ ဒီမှာကိုယ်တိုင်လည်း ရောင်းချခွင့်ရသလို တခြားသူတွေရဲ့လေလံတွေ၊ မိုးကုတ်သဘာဝလေလံတွေ ကြည့်ရှုခွင့်ရပြီး ဝယ်ယူရောင်းချခွင့်ရပါတယ်။ ဝယ်ယူသူတွေအနေနဲ့လည်း ဒီမှာဆိုင်အကုန်လုံးက သဘာဝပစ္စည်းစစ်စစ်တွေရောင်းချတဲ့အတွက် အားလုံးကိုရွေးချယ်ပြီးဝယ်ယူနိုင်ပါတယ်။

**ဒေါ်ချိုချိုအေး (လက်ဝတ်ရတနာကျောက်စိမ်းအရောင်းဆိုင်)**

အန်တီက အန်တီမြစံလက်ဝတ်ရတနာကျောက်စိမ်း အရောင်းဆိုင်က ဒေါ်ချိုချိုအေးဖြစ်ပါတယ်။ အန်တီက ကျောက်မျက်ပြပွဲမှာ လေးကြိမ်မြောက်ရောင်းချခြင်းဖြစ်ပါတယ်။ အန်တီတို့ဆိုင်က ကျောက်စိမ်းအဓိကထား ရောင်းတယ်။ ကျောက်မျက်ဖြစ်တဲ့ မိုးကုတ်ကျောက်၊ ပတ္တမြား၊ နီလာတို့ကိုလည်း ရောင်းချပါတယ်။ မြန်မာ့ကျောက်မျက်ရတနာပုလဲပွဲလေးတွေလည်း အခမဲ့ကြည့်ခွင့်ရပြီး အကျိုးအမြတ်ရတဲ့ပွဲတစ်ပွဲလည်းဖြစ်ပါတယ်။ အပြင်မှာဝယ်ရတာထက် ဒီလိုပွဲမျိုးမှာဝယ်ရတာပိုပြီးဈေးနှုန်းသက်သာပါတယ်။ ဒီလိုပွဲမျိုးကို ရောင်းချခွင့်ပေးတဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။

**ဒေါ်နန်းသိင်္ဂီရွှေ (ကျောက်မျက်ရတနာပြပွဲလေ့လာသူ)**

ကျွန်မက ရန်ကုန်ကနေလာပြီး ဒီကျောက်မျက်ပွဲကိုလာရောက်လေ့လာတာဖြစ်ပါတယ်။ ဒီကိုလာရောက်ဖြစ်တာကတော့ ကိုယ့်ရဲ့ပြည်တွင်းလုပ်ငန်းတွေကိုစိတ်ဝင်စားပြီး လာရောက်လေ့လာခြင်းဖြစ်ပါတယ်။ ကျောက်မျက်ရတနာပြပွဲကို အခုလိုမျိုးကျင်းပပေးတဲ့အတွက် အလွန်ကောင်းပါတယ်။ မြန်မာလူမျိုးတွေအတွက် စီးပွားရေး ပိုမိုပွင့်လင်းမြင်သာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကိုယ့်နိုင်ငံအတွက် အခွန်ဘဏ္ဍာလည်း အများကြီးရတာကောင်းပါတယ်။ ဒီထက်လည်းနိုင်ငံတော်အတွက်ရော၊ လုပ်ငန်းရှင်တွေအားလုံး စီးပွားဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆုတောင်းပေးပါတယ်။

**လှဲ့ရည်လှိုင်**

---


## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေသြဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
လုံခြုံလျှို့ဝှက်၊
ဆောင်ရွက်မြန်မှန်၊ မြဝတီဘဏ်
MPU
UnionPay
Phone No : (01) 2301367, 2301368, 2301452, 2301378


နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း
အတွက် Customs Duty ပေးဆောင်မှု
များအား MMM Service အသုံးပြုပြီး
လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Myanmar MOBILE MONEY

# ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ပေါ့ဂ်ဘာ အသင်းသစ်မပြောင်းရွှေ့မီ မန်ယူအသင်း၏လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်ရန်စီစဉ်

မန်ချက်စတာ နိုဝင်ဘာ ၁၈

ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ပေါ့ဂ်ဘာသည် အသင်းသစ်မပြောင်းရွှေ့မီ အသင်းဟောင်း မန်ယူအသင်း၏ ကာရင်တန်လေ့ကျင့်ရေးကွင်း၌ ကြံ့ခိုင်မှုပိုင်းအတွက် လေ့ကျင့်ရန်စီစဉ်နေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

အသက် ၃၁ နှစ်အရွယ် ပေါ့ဂ်ဘာသည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူနေခဲ့ရသကဲ့သို့ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း တားမြစ်ဆေးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ကာလရှည်ပွဲပယ်ပြစ်ဒဏ်ဖြစ်သည့် လေးနှစ်အထိ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော်လည်း အယူခံတင်သွင်းခဲ့ရာ အောင်မြင်မှုရရှိသည့်အတွက် လေးနှစ်ပွဲပယ်မှ ၁၈ လပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

ပေါ့ဂ်ဘာအနေဖြင့် မကြာမီ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည့်အတွက် ဂျူဗင်တပ်စ်အသင်းတွင် မကစားလိုသောကြောင့် စာချုပ်ဖျက်သိမ်းကာလမ်းခွဲခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသော်လည်း အသင်းသစ်သို့ပြောင်းရွှေ့ခဲ့ပါက ကြံ့ခိုင်မှုပိုင်းအသင့်အနေအထားတွင် ရှိနေစေရန်အတွက် လက်ရှိအချိန်ကတည်းက လေ့ကျင့်မှုများ လုပ်ဆောင်နိုင်ရန် အသင်းဟောင်းမန်ယူအသင်း၏ လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်မှုများလုပ်ဆောင်ရန် စီစဉ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*




# လီဗာပူးအသင်းတွင် ပွဲထွက်ခွင့်နည်းပါးနေသည့် တိုက်စစ်ကစားသမား ချီယေဆာက အီတလီစီးရီးအေသို့ ပြန်လည်ပြောင်းရွှေ့ရန်ပြင်ဆင်နေ

လန်ဒန် နိုဝင်ဘာ ၁၈

လီဗာပူးအသင်းတိုက်စစ်ကစားသမား ချီယေဆာသည် အသင်းတွင် ပွဲထွက်ကစားခွင့်နည်းပါးနေသည့်အတွက် အီတလီစီးရီးအေသို့ ပြန်လည်ပြောင်းရွှေ့ရန်ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ချီယေဆာသည် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဂျူဗင်တပ်စ်အသင်းမှ လီဗာပူးအသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် နည်းပြ ဆလော့လက်အောက်၌ ပွဲထွက်ကစားခွင့်မရရှိဘဲ ရန်းကန်နေရကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ သုံးပွဲသာပါဝင်ကစားခွင့်ရရှိထားသည့်အတွက် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အီတလီစီးရီးအေမှကလပ်အသင်းများထံ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိ လီဗာပူးအသင်းတိုက်စစ်ပိုင်းတွင် ဆာလက်ချ်၊ ဂက်ပို၊ နူနက်စ်နှင့် ဒီယက်ဂ်ျိုတို့ရှိနေသည့်အတွက် ချီယေဆာအနေဖြင့် ပွဲကစားခွင့်မရရှိသလောက်နီးပါးဖြစ်နေသည့်အတွက် အောင်မြင်မှုများရရှိခဲ့သည့် အီတလီစီးရီးအေသို့ ပြန်လည်ပြောင်းရွှေ့လိုနေခြင်းဖြစ်သည်။

ချီယေဆာသည် အီတလီစီးရီးအေပြိုင်ပွဲတွင် ဖီအိုရင်တီးနားအသင်း၊ ဂျူဗင်တပ်စ်အသင်းတို့နှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး အောင်မြင်မှုများရယူနိုင်ခဲ့သည့်အတွက် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပြန်လည်ပြောင်းရွှေ့လိုနေခြင်းဖြစ်သည်။

ချီယေဆာသည် ပြီးခဲ့သည့် စက်တင်ဘာလ ၂၉ ရက်က ကစားသည့် ဝုဗ်အသင်းနှင့်ပွဲစဉ်တွင်ရရှိခဲ့သော ဒဏ်ရာကြောင့် အနားယူနေရကြောင်း သိရသည်။

*Ref;Goal.com*

# အယ်ဟီလယ်အသင်းနှင့်စာချုပ်ဖျက်သိမ်းရန်နီးစပ်နေသည့် တိုက်စစ်ကစားသမား နေမာ အသင်းဟောင်းဆန်းတို့စ်အသင်းထံ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိ




ရီယက် နိုဝင်ဘာ ၁၈

ဆော်ဒီထိပ်တန်းကလပ်အသင်းဖြစ်သည့် အယ်ဟီလယ်အသင်းနှင့် စာချုပ်ဖျက်သိမ်းရန်နီးစပ်နေသည့် တိုက်စစ်ကစားသမား နေမာအနေဖြင့် ကစားသမားဘဝစတင်ခဲ့သော အသင်းဟောင်း ဆန်းတို့စ်အသင်းထံ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် နေမာသည် ၂၀၂၃ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ အယ်ဟီလယ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် တစ်နှစ်ကျော်ကြာအနားယူခဲ့ရပြီး ဒဏ်ရာမှ ပြန်လည်သက်သာလာသည့်အတွက် နိုဝင်ဘာလ ၅ ရက်က ကစားသည့် အာရှချန်ပီယံလိဂ်ပွဲစဉ်ဖြစ်သော အယ်ဟီလယ်အသင်းနှင့် အက်စတီဂါလယ်အသင်းတို့ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိပြီးနောက် ထပ်မံအနားယူနေရသူဖြစ်သည်။

နေမာသည် အယ်ဟီလယ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူနေခဲ့ရသည့်အတွက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ခုနစ်ပွဲသာပါဝင်ကစားနိုင်ခဲ့သဖြင့် အယ်ဟီလယ်အသင်းက နေမာ၏ကြံ့ခိုင်မှုပိုင်းနှင့်ပတ်သက်ပြီး စိတ်မချနိုင်သည့်အတွက် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

နေမာအနေဖြင့် ကစားသမားဘဝမကုန်ဆုံးမီ ဥရောပတွင် ကစားလိုသော်လည်း ၎င်း၏ကြံ့ခိုင်မှုပိုင်းတွင် အားနည်းနေသောကြောင့် ခေါ်ယူလိုသည့်အသင်းမရှိဖြစ်နေသည့်အတွက် ဘရာဇီးကလပ်ဆန်းတို့စ်အသင်းထံ ပြန်လည်ပြောင်းရွှေ့ကစားဖွယ်ရှိနေခြင်းဖြစ်သည်။

နေမာသည် ဆန်းတို့စ်အသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၀၉ ခုနှစ်က ဆန်းတို့စ်အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၂၀ အထိ ပါဝင်ကစားခဲ့ကာ ၁၃၄ ဂိုး သွင်းယူနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်က ဆန်းတို့စ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင်လည်း အသင်းဟောင်းထံ ပြန်လည်ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သိရသည်။

*Ref;90Min*

# လိုင်ယွန်အသင်းက တန်းဆင်းရမည့်အရေးကြောင့် အဓိက ကစားသမားအများစုကို ရောင်းချမည်

ပဲရစ် နိုဝင်ဘာ ၁၈

လိုင်ယွန်အသင်းက တန်းဆင်းရမည့်အရေးကြောင့် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ အဓိက ကစားသမားများကို ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

လိုင်ယွန်အသင်းသည် အသင်းဘဏ္ဍာရေးအကျပ်အတည်းများနှင့် ကြွေးမြီပြဿနာများကြောင့် ရာသီအကုန်တွင် တန်းဆင်းရမည့်ပြစ်ဒဏ်ချမှတ်ခံထားရသော်လည်း ရာသီမကုန်ဆုံးမီ အသင်းဘဏ္ဍာရေးအကျပ်အတည်းများနှင့် ကြွေးမြီပြဿနာများကို ဖြေရှင်းနိုင်မှသာ တန်းဆင်းရမည့်အရေးနှင့် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည့်အတွက် အသင်းဘဏ္ဍာရေးအကျပ်အတည်းများနှင့် ကြွေးမြီပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အသင်းမှ အဓိက ကစားသမားအများစုကို လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်စီစဉ်နေခြင်းဖြစ်သည်။

လိုင်ယွန်အသင်းအတွက် အသင်းမှ ကစားသမားများကို မရောင်းချနိုင်ဘဲ အသင်းဘဏ္ဍာရေးအကျပ်အတည်းများနှင့် ကြွေးမြီပြဿနာများကို ယခုဘောလုံးရာသီကုန်အထိ မဖြေရှင်းနိုင်ပါက ပြင်သစ်လိဂ်-၂ သို့ တန်းဆင်းရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက် မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု (ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့် အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှစတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့် တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့် အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့် ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့် အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၇၅/မမ/CE | ရွှေညောင်-တောင်ကြီးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း ပေါမှုဘူတာနှင့်ထီသိမ်ဘူတာကြား CH:No(21+800)မှ CH:No(22+400) အထိ ရထားလမ်းတာပေါင် မြေကြီးလုပ်ငန်း(တူးမြေလုပ်ငန်း)(၂၂၇၄၁.၅၀)ကျင်း |
| ၂ | ၂၇၆/မမ/CE | ပေါမှုဘူတာနှင့်ထီသိမ်ဘူတာကြား CH:No(21+800) မှ CH:No(22+400) အထိ ရထားလမ်းတာပေါင်မြေကြီးလုပ်ငန်း(ဖို့မြေလုပ်ငန်း)(၁၅၁၁၄.၈၅)ကျင်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂-၁၂-၂၀၂၄) မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈-၁၁-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

### အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ
### Final Meeting - နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေအရ Companion Inetrnational Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၉၂၉၁၇၂၂/(၀၉-၀၁-၁၉၉၁)၏ ဖျက်သိမ်းခြင်းကို (၁၈-၁၂-၂၀၂၄)နေ့ နံနက် ၉:၀၀ နာရီတွင် အပြီးသတ် စာရင်းရှင်းလင်းခြင်းနှင့် နောက်ဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက် အောက်ပါလိပ်စာအတိုင်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဒေါက်တာမြမာလာအေး**
**(၁၂/လသန(နိုင်)၀၀၅၁၈၂)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၂)**
**အမှတ်(၁၉၅)၊ မြသီတာလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၄၈၇၄**

### အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ စွန်တနီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၁၅/က၊ ကွင်းအမည် မနီကုန်း၊ ဦးပိုင်အမှတ် ၁၈/၃၊ ဧရိယာ ၃.၈၆ လယ်ယာမြေမှာ (ဘ)ဦးကျောက်ခဲ၏ သားဖြစ်သူ နိုင်ငံသားစိစစ်ရေးအမှတ် ၁၄/ညတန(နိုင်)၀၃၉၇၆၅ ကိုင်ဆောင်သူ ဦးဆီးခို့ ပိုင်လယ်ယာမြေဖြစ်ပါ၍ ကျေနပ်သူများမရှိက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **(ပုံ)ဦးဆီးခို့**

### အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ
### Final Meeting - နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေအရ Silver Moonshade Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၃၃၈၅၃၂၆/(၀၆-၀၉-၂၀၁၈)၏ ဖျက်သိမ်းခြင်းကို (၁၈-၁၂-၂၀၂၄)နေ့ နံနက် ၉:၀၀ နာရီတွင် အပြီးသတ် စာရင်းရှင်းလင်းခြင်းနှင့် နောက်ဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက် အောက်ပါလိပ်စာအတိုင်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဒေါက်တာမြမာလာအေး**
**(၁၂/လသန(နိုင်)၀၀၅၁၈၂)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၂)**
**အမှတ်(၁၉၅)၊ မြသီတာလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၄၈၇၄**

### ပျောက်ဆုံးကြောင်း
အိဇင်မော်(ဘ)ဦးကျင်မောင် ၁၂/သခန(နိုင်)၁၄၁၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 167578)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
ဖြိုးသိမ့်သိမ့်သဲဆု(ဘ)ဦးသက်နိုင် ၁၂/တတန(နိုင်)၂၈၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၂၈၁၈၇၄**

### ပျောက်ဆုံးကြောင်း
ရွှေပေါက်ကံမြို့နယ်၊ ပိတောက်လမ်း၊ (၁၁/၂/၄၈၉)နေ ရဲထွန်း(ဘ)ဦးသာဝေ ၁၂/ဥကမ(နိုင်)၂၉၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၁၀)ရပ်ကွက်၊ ဆေးရုံးတန်းလမ်းနေ မောင်သန်းစိုးအောင်(ဘ)ဦးအောင်လင်း ၁၄/ပသန(နိုင်)၂၂၄၂၇ ကိုင်ဆောင်သူ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 847875) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၅၃၃၅၄၇**

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့ နယ်၊ (၁၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၃၉) ခ/၂ နေ အောင်နိုင်ဦး(ဘ)ဦးကြည်ညွှန့် ၁၂/လမန(နိုင်)၁၁၃၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၃၆၁၀၅၀**

### ပျောက်ဆုံးကြောင်း
ချစ်စန်း(ဘ)ဦးကျော်ဝင်း ၇/ဖမန(နိုင်)၂၃၀၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
သူရဝင်း(ဘ)ဦးကျော်သန်း ၁၄/မအန(နိုင်)၁၉၇၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဝမ်းတွင်းမြို့၊ ဘုရားဖြူကျေးရွာအုပ်စု၊ ရွာရှည်ကျေးရွာ၊ ရွာတောင်ပိုင်းနေ နုနုဝေ(ဘ)ဦးတိုးအောင် ၉/ဝတန(နိုင်)၁၆၆၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၅၁၇၈၈**

### ပျောက်ဆုံးကြောင်း
ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြင်းကကွင်းကျေးရွာနေ မဟန်နီချို(ဘ)ဦးချိုဝင်း ၁၄/ပသန(နိုင်)၂၉၈၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 847877)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၉၆၃၉၇၄**

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖောခိကုန်းရပ်ကွက်၊ မြစပယ်(၅)လမ်းနေ ရှိန်းကိုကို(ဘ)ဦးသန်းဝင်း ၁၂/တကန(နိုင်)၁၇၅၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၄၁၈၉၁**

## စာပေမြင့်မှ လူမျိုးတင့်မည်

### ပျောက်ဆုံးကြောင်း
ယံဝေလင်း(ဘ)ဦးမြသောင်း ၁၄/မအန(နိုင်)၂၆၆၀၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မျိုးမင်းဇင်(ဘ)ဦးကျော်လွင် ၁၂/ကတန(နိုင်)၁၀၇၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 197970)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မွန်မြတ်ကြည်သာ(ဘ)ဦးအောင်သိုက် ၁၂/သကတ(နိုင်)၁၇၃၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ တောင်ကြီးလမ်းနှင့် ပုန်းညှပ်လမ်းထောင့်နေ မအေးဝါဇင်ဖြိုး(ဘ)ဦးလှဝင်း ၇/ဖမန(နိုင်)၁၅၄၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၇၀၀၂၀၀၈**

### ပျောက်ဆုံးကြောင်း
ဖြူးမြို့နယ်နေ ကလျာသိမ့်(ဘ)ဦးညွန့်ဝင်း ၇/ဖမန(နိုင်)၁၈၅၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဖြူးမြို့၊ ဘူတာတောင်(၂၄)လမ်းနေ ဝေဝေဖြိုးအောင်(ဘ)ဦးမိုးလွင်အောင် ၇/ဖမန(နိုင်)၂၃၆၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**




### ပျောက်ဆုံးကြောင်း
ဝေဝေစန်း(ဘ)ဦးအိုက်ထွေး ၁၃/နမတ(နိုင်)၀၃၁၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MV 150022)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၀၄၉၅၄၀၀**

### ပျောက်ဆုံးကြောင်း
ငွါးမလေး(ဘ)ဦးငွါးဆာ ၁၃/ကခန(နိုင်)၁၂၈၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 348493)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၈၉၁၄၄၈၀**

### ပျောက်ဆုံးကြောင်း
ဇင်ပြုံးဝေ(ဘ)ဦးကိုပြုံး ၁၄/ရကန(နိုင်)၁၇၀၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၀၆၇၅၂၀**

### ပျောက်ဆုံးကြောင်း
ထွဋ်ထွဋ်ဝင်း(ဘ)ဦးတင်မောင်ဦး ၇/သနပ(နိုင်)၀၇၅၂၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၀၄၅၅၇၇၆**

### ပျောက်ဆုံးကြောင်း
လှလှမိုး(ဘ)ဦးမြင့်လွင်(ခ)ဆင်နာပက် ၁၂/မဂတ(နိုင်)၀၉၆၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 129550)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ကိုကိုအောင်(ဘ)ဦးခင်ဇော် ၁၂/သလန(နိုင်)၁၁၂၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၃၁၄၈၃၁**

### ပျောက်ဆုံးကြောင်း
ဆန်းလင်းဦး(ဘ)ဦးကျော်ဇောရွှေ ၇/ကဝန(နိုင်)၂၄၂၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အိသက်စုအောင်(ဘ)ဦးစိုးအောင် ၇/ပခန(နိုင်)၄၅၅၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မအိအိ(ဘ)ဦးကျော်သန်း ၇/ရတရ(နိုင်)၁၇၃၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မင်းလွင်(ဘ)ဦးအောင်ငွေ ၉/ရမသ(နိုင်)၁၄၂၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မရီချို(ဘ)ဦးပေါက်စ ၈/တတက(နိုင်)၂၃၅၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 331609)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
အေးအေးသင်း(ဘ)ဦးမောင်အေး ၁၂/သကတ(နိုင်)၁၆၆၄၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မျိုးသက်တန့်(ဘ)ဦးသက်လွင် ၁၂/မဘန(နိုင်)၁၂၅၀၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မခြူး(ဘ)ဦးကျော်တင့် ၉/ခမစ(နိုင်)၀၀၉၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 618585)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၅၀၃၁၆၅၈၄**

### ပျောက်ဆုံးကြောင်း
စိုးလှိုင်(ဘ)ဦးမောင်ရွှေ ၁၄/ဇလန(နိုင်)၀၂၄၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၅၉၉၂၇**

### ပျောက်ဆုံးကြောင်း
ထက်ဇင်ဝင်း(ဘ)ဦးကျော်ဝင်း ၇/တငန(နိုင်)၁၉၄၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၉၇၉၁၈၆**

### ပျောက်ဆုံးကြောင်း
ဇော်ဝင်း(ဘ)ဦးတင်လှ ၈/စလန(နိုင်)၀၁၀၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၁၀၁၀၈**

### ပျောက်ဆုံးကြောင်း
ဝင်းအောင်(ဘ)ဦးအောင်ထွန်းစံ ၁၁/ကဖန(နိုင်)၁၀၉၀၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၉၈၇၉၆၇၄**

### ပျောက်ဆုံးကြောင်း
မျိုးမင်းနိုင်(ဘ)ဦးကျော်သောင်း ၁၄/ဘကလ(နိုင်)၂၀၁၆၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၆၅၆၃၅၆၄**

### ပျောက်ဆုံးကြောင်း
ချစ်ကိုဦး(ဘ)ဦးစိုးလွင် ၁၂/ခရန(နိုင်)၁၂၀၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၃၃၈၂၉၁၆**

### ပျောက်ဆုံးကြောင်း
လုဂျာ(ယ)ဦးလမုန်ခမ်းဆာ ၁၃/ကခန(နိုင်)၀၄၄၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၂၇၈၅၅၄**

### ပျောက်ဆုံးကြောင်း
ဥမ္မာမြင့်(ဘ)ဦးရဲမြင့် ၁၂/လမန(နိုင်)၁၁၅၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၂၅၆၅၀**

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးဇော်(ဘ)ဦးမျိုးဇော်နိုင် ၁၀/ပမန(နိုင်)၂၆၉၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ချိုရီမွန်(ဘ)ဦးမြတ်မင်းရွှေ ၁၂/ဥကမ(နိုင်)၂၂၀၄၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 702275)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မကြီး(ဘ)ဦးဗို ၉/ကပတ(နိုင်) ၂၂၄၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
သန်းလှိုင်(ဘ)ဦးမောင်ခို ၁၂/သဃက(နိုင်)၀၃၂၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **လူငယ်အားလုံးအနေဖြင့် “အတ္တနှင့် ပရ” မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန်လိုအပ် . . .**

❖ **မိမိကိုယ်ကိုကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန်လိုအပ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---



# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ကချင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ကချင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်အားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ဆေးဗားစတားအသင်းတို့ ကစားခဲ့ရာ ကချင်ယူနိုက်တက်အသင်းက

စာမျက်နှာ ၁၄ ကော်လံ ၃ ■

# ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၁ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သိန်းကျော်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၁၃ ရက်နေ့ ညနေ ၃ နာရီခွဲအချိန် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာ ကားဝင်းတွင် လှမင်းထွန်းမောင်းနှင်ပြီး အကူယာဉ်မောင်း မြင့်သူစိုးနှင့် ယာဉ်နောက်လိုက် ဖြိုးကျော်ဇော(ခ)မိုးထက်မြင့်တို့လိုက်ပါလာသည့်ခရီးသည်တင်မှန်လုံယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စားသောက်ကုန်များအတွင်း သို့ဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၁ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ လိပ်ကုန်းကျေးရွာနေ ဖမ်းဆီးရမိယာဉ်ပိုင်ရှင်ဖြစ်သူ အောင်ခိုင်ထူးနှင့်ဇနီး မမိုးစံပယ်တို့၏အစီအမံဖြင့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့မှ ရန်ကုန်တိုင်းဒေသကြီးသို့

စာမျက်နှာ ၂၅ ကော်လံ ၃ ❍



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

---

**ဆောင်းပါး**

အနာဂတ်တွင် တိုင်းပြည်၏တာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်လေးများ စာ - ၁၃ သို့

**နိုင်ငံ တကာ သတင်း**

တရုတ်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့ ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေး စာ - ၂၃ သို့

တိုင်ဖွန်းမန်ရီဝင်ရောက်တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်၌ လူရှစ်ဦးသေဆုံး စာ - ၂၃ သို့




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563